**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**

(၂၇)ရက်မြောက်နေ့**မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်**

**( ၂၀၁၈ ခုနှစ်၊ မတ်လ ၁၃ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၃။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၂၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၃)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၂၀၅)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၉၁.၉၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၂ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နှင့် ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ (၂၇)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

သတ္တမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ ၁၃-၃-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ပြည်ပခရီးစဥ်။ ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်။ ဦးခင်မောင်မြင့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြတ်ဥာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ လုပ်ငန်းတာဝန်များထမ်းဆောင်ရန်။ ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကျန်းမာရေး။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်း အထူးအစည်းအဝေးတက်ရောက်ရန်။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင် ဆောင်ရွက်ရန်နှင့် ဦးညီညီထွေး(ခ)ဦးကိုကိုလေး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့်လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း(၄)ဦးနှင့် ယနေ့ခွင့်ပန်ကြားသူ (၁၄)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ (၁၈)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပန်ကြားသူ(၁၈)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၃ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမယ့် မေးခွန်းများဟာ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မြောက်ဦးမြို့နယ် ဂုဏ်ကျွန်းကျေးရွာနှင့် မင်းပြားမြို့နယ် ပန်းမြောင်းတိုက်နယ်ကျေးရွာတို့ကြားတွင်ရှိသော ရွာချင်းဆက်လမ်းအား မြေသားဖို့ခြင်းနှင့် ကျောက်ခင်းခြင်း၊ ကျောက်ချောခင်းခြင်းစသည်ဖြင့် အဆင့်တိုးမြှင့်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော် က ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မြောက်ဦးမြို့နယ် ဂုဏ်ကျွန်းကျေးရွာနှင့် မင်းပြားမြို့နယ် ပန်းမြောင်းတိုက်နယ်ကျေးရွာတို့ ကြားတွင်ရှိသော ရွာချင်းဆက်လမ်းအား မြေသားဖို့ခြင်းနှင့် ကျောက်ခင်းခြင်း၊ ကျောက်ချောခင်းခြင်း စသည်ဖြင့် အဆင့်တိုးမြှင့်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ အားလုံးကိုမင်္ဂလာပါလို့ နှုတ်ဆက်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးထားတဲ့ မေးခွန်းနှင့်ပတ်သက်လို့ ရှင်းလင်းတင်ပြပေးပါမယ်။ မြောက်ဦးမြို့နယ် ဂုဏ်ကျွန်းကျေးရွာနှင့် မင်းပြားမြို့နယ်မှာရှိတဲ့ ပန်းမြောင်းတိုက်နယ်ကျေးရွာတို့အကြားမှာရှိနေတဲ့ ရွာချင်းဆက်လမ်းဟာ ယခင်နှစ်ပေါင်း (၆၀)ကျော်ကာလကပင် စတင်ဖောက်လုပ်ခဲ့တဲ့ လမ်းတစ်လမ်းဖြစ်ပါတယ်။ လမ်းအရှည်မှာ (၂)မိုင်ကျော်ကျော်လောက်ပဲရှိပါမယ်။ လမ်းအကျယ်ကတော့ (၂၅)ပေ ရှိပါတယ်။ ဂုဏ်ကျွန်းကျေးရွာ၊ မယ်ဇလီကုန်းကျေးရွာ၊ အင်းရှည်ကျေးရွာတို့ဟာ လေးမြို့မြစ်၏ အရှေ့ဘက်ကမ်းမှာတည်ရှိပြီး ရေလမ်းခရီးကိုသာ အားကိုးအားထားပြုနေရတဲ့ ကျေးရွာတွေ ဖြစ်ပါတယ်။

မိုးရာသီမှာ တောင်ကျရေ ပြင်းထန်တဲ့အတွက်ကြောင့် ရေစီးအား တော်တော်သန်ပါတယ်။ အဲဒါကြောင့် မြောက်ဦးဘက်ကမ်းကို ကူးတို့လှေနဲ့ကူးရတာ တော်တော်ခက်ခဲပါတယ်။ အန္တရာယ်လည်း များပါတယ်။ ဒါကြောင့် ဒီကျေးရွာများဟာ ဖော်ပြပါအခက်အခဲကြောင့် လက်ရှိမှာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး စတဲ့ ဟာတွေနဲ့ ပတ်သက်နေရင် ပန်းမြောင်းတိုက်နယ်ကျေးရွာကိုသာ အဓိကမှီခိုအားထားနေရတာ တွေ့ရမှာဖြစ်ပါတယ်။ ပန်းမြောင်းတိုက်နယ် အခြေခံပညာအထက်တန်းကျောင်း၊ တိုက်နယ်ဆေးရုံ၊ ဈေး အဲဒီနေရာတွေကို နေ့စဉ်နဲ့အမျှ သွားလာနေတဲ့အခါမှာ ဒီ ရွာချင်းဆက်လမ်းကို ဒီလမ်းအို၊ လမ်းဟောင်းကိုသာ အသုံးပြုနေရပါတယ်။

လွန်ခဲ့သော နှစ်(၆၀)ကျော်က ရှိနေခဲ့တဲ့လမ်းဟာ ဒီနေ့အထိ ယခင်အတိုင်းပဲ ရှိနေပါတယ်။ မည်သည့်အစိုးရလက်ထက်မှာမှ အဆင့်တိုးမြှင့်လုပ်ပေးခဲ့တာ မရှိသေးပါဘူး။ အဆိုပါလမ်းကို လေ့လာကြည့်ရှုဖို့ လိုအပ်သလို ဆောင်ရွက်ပေးဖို့အတွက် ကျွန်တော် လွှတ်တော်ကိုယ်စားလှယ်ကို ကျေးရွာမှ ဖိတ်ခေါ်တဲ့အတွက် ကျွန်တော် သွားရောက်ပြီးတော့ ကြည့်ရှုခဲ့ပါတယ်။ ကျွန်တော်ကလည်း လမ်းအခြေအနေကြည့်ပြီးတော့ လွှတ်တော်မှာ တင်ပြတောင်းဆိုပေးပါမယ်လို့ ပြောကြားခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော် ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မြောက်ဦးမြို့နယ် ဂုဏ်ကျွန်းကျေးရွာနှင့်

မင်းပြားမြို့နယ် ပန်းမြောင်းကျေးရွာတို့၏ ရွာချင်းဆက်လမ်းဟောင်းကို မြေသားတင်ဖို့ကာ ကျောက်ချော လမ်းအဖြစ် အဆင့်တိုးမြှင့်ဖောက်လုပ်ပေးပါရန် အစီအစဉ်ရှိ/မရှိ လေးစားစွာနှင့် မေးမြန်း အပ်ပါတယ်။

**ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်အတွင်း ရန်ကုန် - စစ်တွေ ကားလမ်းမှ ကန်စောက်ကျေးရွာ - ကံသုံးဆင့် - ဒုံနာ - နီချေ - အောက်လာကျေးရွာအထိ ကျေးရွာချင်းဆက်လမ်းကို ရာသီမရွေး သွားလာ နိုင်သည့် ကွန်ကရစ်လမ်း သို့မဟုတ် ကျောက်ချောလမ်း ဖောက်လုပ်ပေးရန်နှင့် ကန်စောက်ကျေးရွာ အနီး ယိုးချောင်း ချောင်းလက်တက်တွင် (၁၂၀)ပေအကျယ် သံကူကွန်ကရစ် တံတားတစ်စင်းတို့ကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်အတွင်း ရန်ကုန် - စစ်တွေ ကားလမ်းမှ ကန်စောက်ကျေးရွာ - ကံသုံးဆင့် - ဒုံနာ - နီချေ - အောက်လာကျေးရွာအထိ ကျေးရွာချင်းဆက်လမ်းကို ရာသီမရွေး သွားလာ နိုင်သည့် ကွန်ကရစ်လမ်း သို့မဟုတ် ကျောက်ချောလမ်း ဖောက်လုပ်ပေးရန်နှင့် ကန်စောက်ကျေးရွာ အနီး ယိုးချောင်းချောင်းလက်တက်တွင် (၁၂၀)ပေအကျယ် သံကူကွန်ကရစ် တံတားတစ်စင်းတို့ကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို သာလီစွပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်မှာ ကျေးရွာချင်းဆက်လမ်းနှင့် ပတ်သက်တဲ့မေးခွန်းတစ်ခုကို ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ် ကျောက်တော် မြို့နယ်တွင် အဓိကလုပ်ဆောင်ရမယ့် လမ်းများထဲမှာ အခု ကျွန်တော်မေးမြန်းမယ့် ရန်ကုန် - စစ်တွေ ကားလမ်းကနေတစ်ဆင့် ကန်စောက်ကျေးရွာ - ကံသုံးဆင့် - ဒုံနာ - နီချေ - အောက်လာကျေးရွာအထိ ကျေးရွာချင်းဆက်လမ်းဟာလည်း အပါအဝင်ဖြစ်ပါတယ်။ ဒီလမ်းအရှည်ဟာ (၈)မိုင်လောက်သာရှိ ပါတယ်။ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မြေသားလမ်းအဖြစ် (၃)မိုင်နှင့် (၃)ဖာလုံကို ဖောက်လုပ် ပြီးဖြစ်ပါတယ်။ အဆိုပါလမ်းကို မြေသားလမ်းအဖြစ် ပြီးစီးအောင်လည်း ဆောက်လုပ်ပေးရမယ့်အပြင် ရာသီမရွေး သွားလာနိုင်ရေးအတွက် ကွန်ကရစ်လမ်း သို့မဟုတ် ကျောက်ချောလမ်းအဖြစ် ဆောင်ရွက် ပေးရန် လိုအပ်မှာဖြစ်ပါတယ်။ ဒီလမ်းကို ရာသီမရွေး သွားလာနိုင်တဲ့လမ်းအဖြစ် ဆောင်ရွက်ပေး လိုက်ပါက ကန်စောက်ကျေးရွာအပါအဝင် ကျေးရွာပေါင်း (၁၀)ရွာနှင့် လူဦးရေ (၅၀၀၀)ကျော်ကို အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်။

ဒီလမ်းပေါ်ရှိ ကန်စောက်ကျေးရွာတွင် အသစ်ဆောက်လုပ်နေပြီဖြစ်တဲ့ တိုက်နယ်ဆေးရုံလည်းရှိနေပါတယ်။ အနီးအနားကျေးရွာများမှ တိုက်နယ်ဆေးရုံသို့ အလွယ်တကူ လာရောက်နိုင်ကြမှာဖြစ်ပါတယ်။ ကန်စောက်ကျေးရွာတွင် အထက်တန်းကျောင်း၊ ရဲစခန်း၊ ကျေးရွာတွင်းဈေးတို့လည်းရှိနေခြင်းကြောင့် အနီးအနားကျေးရွာများ ဤလမ်းပြီးမြောက်ပါက ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးတို့ကအစ အဆင်ပြေလာနိုင်မှာ ဖြစ်ပါတယ်။

ဒီ ကျေးရွာချင်းဆက်လမ်းကို ရာသီမရွေး သွားလာနိုင်ရေး အသုံးပြုနိုင်ရန်အတွက် ရန်ကုန်-စစ်တွေကားလမ်းမကြီးပေါ် ပေ(၁၂၀၀)အကွာတွင်ရှိတဲ့ ယိုးချောင်း၏ ချောင်းလက်တက် ပေ(၁၂၀) အကျယ် တံတားတစ်စင်းကိုလည်း ဆောက်လုပ်ပေးလိုက်မှသာ အဆင်ပြေစွာ သွားလာနိုင်ကြမှာဖြစ်ပါတယ်။ ကန်စောက်ကျေးရွာသို့လည်း ကားများ၊ သုံးဘီးများ ဝင်ထွက်လာနိုင်ပြီး အောက်လာကျေးရွာအထိ ကျေးရွာပေါင်း (၁၀)ရွာကိုလည်း အဆင်ပြေစေနိုင်မှာ ဖြစ်ပါတယ်။ ဒီ ဒေသကျေးရွာများဟာ ကန်စောက်ကျေးရွာကို အမှီပြုနေရကြောင်း သိရပါတယ်။ ကန်စောက်ကျေးရွာမှ လွဲလို့ရှိရင် ကျန်ကျေးရွာများဟာ မြိုတိုင်းရင်းသားများ နေထိုင်တဲ့ ဆင်းရဲတဲ့ကျေးရွာများ ဖြစ်ပါတယ်။ လယ်လုပ်ငန်း၊ တောင်ယာလုပ်ငန်းကိုပဲ အဓိကထား လုပ်ကိုင်ကြပါတယ်။ အခုလို ဆင်းရဲပြီး နိမ့်ကျမှုများကို စာနာထောက်ထားပြီး လူမှုဘဝမြင့်မားစေရေးအတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ပြည်သူများကိုယ်စား အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်။

ကျောက်တော်မြို့နယ်အတွင်း ရန်ကုန် - စစ်တွေ ကားလမ်းမှ ကန်စောက်ကျေးရွာ - ကံသုံးဆင့် - ဒုံနာ - နီချေ - အောက်လာကျေးရွာအထိ ကျေးရွာချင်းဆက်လမ်းကို ရာသီမရွေး သွားလာနိုင်တဲ့ ကွန်ကရစ်လမ်း သို့မဟုတ် ကျောက်ချောလမ်း ဖောက်လုပ်ပေးရန်နှင့် ကန်စောက်ကျေးရွာအနီး ယိုးချောင်းချောင်းလက်တက်တွင် (၁၂၀)ပေအကျယ် သံကူကွန်ကရစ် တံတားတစ်စင်းကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်၊ ကာနန်းကျေးရွာအုပ်စုနှင့် ပလက်ဝမြို့နယ်၊ မွံတနူးကျေးရွာအုပ်စု၊ ကာနန်း - ပိုက်တော - မွံတနူး - ချိုင်းစနူးကြား ကားလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။**　　။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက် က ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်၊ ကာနန်းကျေးရွာအုပ်စုနှင့် ပလက်ဝမြို့နယ်၊ မွံတနူးကျေးရွာအုပ်စု၊ ကာနန်း - ပိုက်တော - မွံတနူး - ချိုင်းစနူးကြား ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။**　　။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော်

ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ချင်းပြည်နယ်၊ ကန်ပက်လက် မြို့နယ်၊ ကာနန်းကျေးရွာအုပ်စုနှင့် ပလက်ဝမြို့နယ်၊ မှံတနူးကျေးရွာအုပ်စု၊ ကာနန်း - ပိုက်တော - မှံတနူး - ချိုင်းစနူးကြား ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းမေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ် ပလက်ဝမြို့နယ်၊ အထက်လေးမြို့ ယခင်တိုက်နယ် အမှတ် (၁၅) နယ်မြေတွင် ကျေးရွာအုပ်စုပေါင်း (၁၁)အုပ်စု၊ ကျေးရွာပေါင်း (၄၅)ရွာ၊ အိမ်ခြေပေါင်း (၉၈၃)အိမ်နှင့် လူဦးရေပေါင်း (၅၄၇၂)ဦးရှိကြောင်း ဒေသတာဝန်ရှိသူများ၏ တင်ပြချက်အရ သိရှိရပါတယ်။ ပလက်ဝ မြို့နယ်၏ အရှေ့တောင်ပိုင်းရှိဒေသဖြစ်ပြီး မင်းတပ်၊ မတူပီ၊ ကန်ပက်လက်မြို့နယ်နှင့် ရခိုင်ပြည်နယ် မင်းပြား၊ မြောက်ဦးမြို့နယ်တို့စပ်ကြားတွင် တည်ရှိသောဒေသ ဖြစ်ပါတယ်။ ပလက်ဝမြို့နယ်ဟာ ချင်းပြည်နယ်ရှိ (၉)မြို့နယ်အတွင်း ဖွံ့ဖြိုးမှုအနိမ့်ဆုံးမြို့နယ်ဖြစ်ပြီး ပလက်ဝမြို့နယ်အတွင်းတွင် မြို့နယ်၏ အရှေ့တောင်ပိုင်းရှိ ဒေသခံပြည်သူများဟာ မြို့နယ်တွင် အခက်ခဲဆုံးဒေသ ဖြစ်ပါတယ်။ ယနေ့ထိ ဆိုင်ကယ်လမ်းတောင်မရှိသော ကျေးရွာအုပ်စုများစွာ ရှိနေပါတယ်။ ရေလမ်း၊ ကုန်းလမ်း စသည့် ဆက်သွယ်သည့်လမ်းများ မရှိသည့်အတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုဘဝ စသည့် အရေးကိစ္စများတွင် ယနေ့အထိ နောက်ကျကျန်ရစ်သောဒေသ ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်အတွက် နိုင်ငံတော်မှချပေးသော တချို့ဌာနဆိုင်ရာအဆောက်အအုံများ ဆောက်လုပ်ပေးနိုင်ခြင်း မရှိဘဲ ပြန်လည်ရုပ်သိမ်းသည့် အဆောက်အအုံများ တချို့ကျေးရွာတွင်ရှိကြောင်း သိရှိခဲ့ရပါတယ်။ လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်မည်ဆိုပါက ပညာရေး၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဒေသခံပြည်သူများ သည်လည်း လွယ်ကူစွာ ခရီးသွားလာနိုင်မည်ဖြစ်ပြီး ကျောင်းသားလူငယ်များရဲ့ ပညာသင်ယူရာတွင်လည်း လွယ်ကူစွာ သွားရောက်ပညာသင်ယူနိုင်မည်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကန်ပက်လက်မြို့နယ် ကာနန်းကျေးရွာအုပ်စု၊ ကာနန်းကျေးရွာအထိ (၁၈)ပေအကျယ် ကားလမ်းဖောက်လုပ်ပြီးဖြစ်ကြောင်း သိရှိရပါတယ်။ ကာနန်း - ပိုက်တော - မှံတနူး နယ်နိမိတ် လေးချောင်းအထိ ကျေးလက်ဒေသဖွံ့ဖြိုးရေး (CDD)ရန်ပုံငွေမှ ဆိုင်ကယ်လမ်း ဖောက်လုပ် ပြီးဖြစ်ပါတယ်။ ကားလမ်းဖောက်လုပ်ပေးနိုင်ပါရန် ဒေသခံပြည်သူများကိုယ်စား တင်ပြတောင်းခံရ ခြင်းဖြစ်ပါတယ်။ ၎င်းလမ်းဟာ ဆမီး-ကန်ပက်လက် ကားလမ်းနှင့် ချိတ်ဆက်တဲ့လမ်းဖြစ်ပြီး မတူပီ၊ ကန်ပက်လက်လမ်း ဖောက်ပေးပါကလည်း ချိတ်ဆက်နိုင်တဲ့လမ်း ဖြစ်ပါတယ်။ ယခင်တိုက်နယ် အမှတ် (၁၅)နယ်မြေ ယခုကျေးရွာအုပ်စု(၁၁)အုပ်စုအတွင်းရှိ ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးရေးအတွက် များစွာ အရေးပါသည့် လမ်းပိုင်းဖြစ်သည့်အတွက် ဒေသခံပြည်သူများကိုယ်စား တင်ပြတောင်းခံရခြင်းဖြစ် ပါတယ်။ သက်ဆိုင်ရာ ဝန်ကြီးဌာနအနေဖြင့်လည်း အထူးအလေးထား ကူညီဖောက်လုပ်ပေးပါရန်နှင့် ဝေးလံခေါင်သီသည့် ကျေးလက်နေ တိုင်းရင်းသား ပြည်သူများကိုယ်စား တင်ပြတောင်းခံအပ်ပါတယ်။ သို့ဖြစ်ပါ၍ ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ကာနန်းကျေးရွာအုပ်စုနှင့် ပလက်ဝမြို့နယ်၊ မှံတနူး ကျေးရွာအုပ်စု၊ ကာနန်း - ပိုက်တော - မှံတနူး - ချိုင်းစနူးကြား ကားလမ်း ဖောက်လုပ်ပေးပါရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒရှင်ပြည်သူများကိုယ်စား သက်ဆိုင်ရာဝန်ကြီးဌာနသို့ ရိုသေစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနှင့် ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၄။**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရခိုင်ပြည်နယ် အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် မေးမြန်းထားတဲ့ ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မြောက်ဦးမြို့နယ် ဂုဏ်ကျွန်းကျေးရွာနှင့် မင်းပြားမြို့နယ်၊ ပန်းမြောင်းတိုက်နယ်ကျေးရွာတို့ကြားတွင်ရှိသော ကျေးရွာချင်းဆက်လမ်းအား မြေသားဖို့ခြင်းနှင့် ကျောက်ခင်းခြင်း၊ ကျောက်ချောခင်းခြင်း စသည်ဖြင့် အဆင့်တိုးမြှင့် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မြောက်ဦးမြို့နယ် ဂုဏ်ကျွန်းကျေးရွာနှင့် မင်းပြားမြို့နယ် ပန်းမြောင်းတိုက်နယ်ကျေးရွာတို့ ဆက်သွယ်သည့် ကျေးလက်လမ်းအရှည်(၂)မိုင် (၃)ဖာလုံသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လမ်းအမည်ပေါက်စာရင်းတွင် ပါဝင်ခြင်းမရှိသေးသည့် လမ်းတစ်လမ်းဖြစ်ပြီး ကျေးရွာ(၄)ရွာကို ဖြတ်သန်း၍ ကျေးလက်နေလူဦးရေ (၃၂၀၀)ခန့် အကျိုးပြုမည့်လမ်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြောက်ဦးခရိုင်၊ မြောက်ဦးမြို့နယ် ဂုဏ်ကျွန်းကျေးရွာနှင့် မင်းပြားမြို့နယ် ပန်းမြောင်းတိုက်နယ်ကျေးရွာတို့ ဆက်သွယ်သည့် ကျေးရွာချင်းဆက်သွယ်ထားတဲ့လမ်းသည် ပြည်ထောင်စုလမ်းစာရင်းအဆင့်ဝင်ဖို့အတွက် ပထမဦးစွာ ဆောင်ရွက်ရမယ့်လမ်း ဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းစာရင်းသို့ သိမ်းသွင်းနိုင်ရေးအတွက် ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းအဖြစ် ရောက်ရှိပါက ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေ တင်ပြတောင်းခံသွားပြီးတော့ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့ ရာသီမရွေး သွားလာနိုင်သောလမ်း အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ရခိုင်ပြည်နယ် အမှတ်(၅) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် မှ မေးမြန်းထားတဲ့ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်အတွင်း ရန်ကုန် - စစ်တွေ ကားလမ်းမှ ကန်စောက်ကျေးရွာ - ကံသုံးဆင့် - ဒုံနာ - နီချေ - အောက်လာကျေးရွာအထိ ကျေးရွာချင်းဆက်လမ်းကို ရာသီမရွေး သွားလာနိုင်သည့် ကွန်ကရစ် လမ်း သို့မဟုတ် ကျောက်ချောလမ်း ဖောက်လုပ်ပေးနိုင်ရန်နှင့် ကန်စောက်ကျေးရွာအနီး ယိုးချောင်း ချောင်းလက်တက်တွင် (၁၂၀)ပေအကျယ် သံကူကွန်ကရစ် တံတားတစ်စင်းတို့ကို ၂၀၁၈ - ၂၀၁၉

ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်တော်မြို့နယ်အတွင်းရှိ ကန်စောက် - ကံသုံးဆင့် - ဒုံနာ - နီချေ - အောက်လာ ကျေးရွာချင်းဆက်လမ်းသည် အရှည် (၈)မိုင် ရှိပြီး ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ကန်စောက်ကျေးရွာမှ ဒုံနာကျေးရွာ အထိ မြေသားလမ်း (၃)မိုင် (၃.၃)ဖာလုံနှင့် ကျေးရွာပိုင် ကိုယ်ထူကိုယ်ထမြေသားလမ်း (၆)ဖာလုံ စုစုပေါင်း မြေသားလမ်း (၄)မိုင် (၁.၃)ဖာလုံ ဖောက်လုပ်ထားရှိပြီးဖြစ်ပါတယ်။ အဆိုပါ ကျေးရွာချင်း ဆက်လမ်းအား တစ်ဆက်တစ်စပ်တည်း ဖြစ်စေရန်အတွက် ဒုံနာရွာမှ နီချေ - အောက်လာရွာသို့ ဆက်လက်ဖောက်လုပ်ရန် မြေသားလမ်း (၃)မိုင်ခန့်ကျန်ရှိပြီး ယိုးချောင်းချောင်းလက်တက် (ပန်းပဲချောင်း) ကွန်ကရစ်တံတား (၁)စင်းနှင့် Box Culvert (၅)စင်းတည်ဆောက်ရန် လိုအပ်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြေသားလမ်း ဆောင်ရွက်ပြီးစီးပြီဖြစ်သည့် ကန်စောက် - ကံသုံးဆင့် မြေသားလမ်း (၄)မိုင် (၁.၃)ဖာလုံအား ကွန်ကရစ်လမ်းခင်းရန်လုပ်ငန်းနှင့် ယိုးချောင်းလက်တက် (ပန်းပဲချောင်း) တံတားတည်ဆောက်ခြင်း လုပ်ငန်းတို့ကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု မူလခွင့်ပြုရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါ လုပ်ငန်းများပြီးစီးပါက ဆောင်ရွက်ရန်ကျန်ရှိတဲ့ ဒုံနာ - နီချေ - အောက်လာ ကျေးရွာချင်းဆက်လမ်း (၃)မိုင်ခန့်အား ပြည်ထောင်စု မူလခွင့်ပြုရန်ပုံငွေနှင့် ပြည်နယ်အစိုးရ ရန်ပုံငွေတို့တွင် နှစ်အလိုက် ထည့်သွင်းလျာထားပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ချင်းပြည်နယ် အမှတ်(၁၂) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးထပ် (ခ) ဆလိုင်းမျိုးထိုက် မေးမြန်းထားတဲ့ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်၊ ကာနန်းကျေးရွာအုပ်စုနှင့် ကာနန်း - ပိုက်တော - မှုံတနူး - ချိုင်းစနူးကြား ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကန်ပက်လက်မြို့နယ်၊ ကာနန်းကျေးရွာအုပ်စုနှင့် ပလက်ဝမြို့နယ် မှုံတနူး - ချိုင်းစနူးကြား ကားလမ်းအရှည် (၃၉)မိုင်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါတယ်။ ကန်ပက်လက်မြို့နယ်၊ ကာနန်းလမ်းခွဲမှ ပိုက်တော - ထိုးနူးလမ်း အရှည် (၂၀)မိုင်လမ်း အကျယ် (၆)ပေသည် လမ်းအဆင့် သတ်မှတ်ချက်အရ Class (C) ဦးစားပေးအဆင့်(၁)ဖြစ်ပြီး ဆက်လက်ဖောက်လုပ်ရမယ့် ပလက်ဝမြို့နယ် ထိုးနူး - မှုံးတနူး - ချိုင်းစနူး လမ်းအရှည် (၁၉)မိုင် လမ်းအကျယ်(၃)ပေသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class(C) ဦးစားပေးအဆင့် (၂)တွင် ပါဝင်ပါတယ်။ ပလက်ဝမြို့နယ် ထိုးနူး - မှုံတနူး - ချိုင်းစနူးလမ်း အရှည် (၁၉)မိုင် လမ်းအကျယ်(၃)ပေကိုတော့ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ် နောက်ပိုင်းကာလများမှာ

ဘဏ္ဍာငွေများ တင်ပြတောင်းခံပြီးတော့ ရန်ပုံငွေများခွဲဝေရရှိမှုအပေါ် မူတည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကန်ပက်လက်မြို့နယ်၊ ကာနန်းလမ်းခွဲမှ ပိုက်တော - ထိုးနူးလမ်း အရှည် (၂၀)မိုင် အကျယ် (၆)ပေလမ်းအား ဦးစားပေးသတ်မှတ်ထားမှုနှင့် ဒေသခံ ပြည်သူများ၏ တောင်းဆိုချက်အရ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်ပြီးတော့ ဘဏ္ဍာငွေများ လျာထားတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

## အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။ ဆွေးနွေးမယ့် ကိုယ်စားလှယ်များတစ်ဦးလျှင် (၈)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကြည်ဝင်း ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၃၀။**

**ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခု ကျွန်တော် ဆွေးနွေးမှာကတော့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်တဲ့ ဥပဒေကို ဆွေးနွေးမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၁၆(က) ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို လိုအပ် သလို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း ဆိုတဲ့စာသားမှာ အမြဲတမ်းအဖွဲ့အစည်းဖြစ်ရန်အတွက် လိုအပ် ပါတယ်။ ဒါကြောင့်မို့လို့ လိုအပ်သလိုနှင့် ဖွဲ့စည်းတာဝန်တွေကြားမှာ အမြဲတမ်း ဆိုတဲ့စကားကို ထည့်သွင်း ပေးဖို့ တင်ပြအပ်ပါတယ်ခင်ဗျား။ ပုဒ်မ ၁၆(ဌ) ဖြစ်တဲ့ တိုင်ကြားစာကို ဥပဒေအရ အရေးယူခြင်းဆိုတဲ့ အပိုဒ်ကို ပယ်ဖျက်ပေးဖို့ အကြံပြုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ တင်ပြလိုတာကတော့ ပုဒ်မ ၅၉ ပြင်ဆင်ထားတာကို တွေ့ရ ပါတယ်။ ပုဒ်မ ၅၉ မှာ မည်သူမဆို ခိုင်လုံတဲ့ အကြောင်းမရှိဘဲနှင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို နစ်နာ

စေဖို့ သို့မဟုတ် ဂုဏ်သရေပျက်စေဖို့ ရည်ရွယ်ပြီးတော့ ဤဥပဒေပါ ပြစ်မှုတစ်ခုကို ကျူးလွန်တယ်လို့ဆိုလို့ရှိရင် မမှန်မကန်တိုင်ကြားမှုကို ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်(၆)လ ထက်မပိုတဲ့ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်ရမည်လို့ ပြဋ္ဌာန်းထားပါတယ်။

ဒါကြောင့်မို့လို့ ၁၆(၃)နှင့် ၅၉ ပုဒ်မ က နှစ်ခုထပ်နေတဲ့အတွက် ၁၆(၃)ကို ပြဋ္ဌာန်းရန် မလိုတော့ဘူးလို့ ကျွန်တော် တင်ပြရခြင်းဖြစ်ပါတယ်။ ယခုကိစ္စကို ဆက်စပ်ပြီးတော့ တင်ပြလိုတာကတော့ ၁၉၄၈ ခုနှစ်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ The Suspicions of the corruption act ၁၉၄၈ အထူးဥပဒေနှင့် ပြဋ္ဌာန်းခဲ့တာ အဲဒီအချိန်တုန်းက အဲဒီဥပဒေကို ပုဒ်မ ၁၆(၃)လည်းမရှိဘူး။ ပုဒ်မ ၅၉ ကဲ့သို့ မမှန်မကန် တိုင်တန်းသူတွေကို အရေးယူမယ်ဆိုတဲ့ ပုဒ်မတွေလည်း ထည့်သွင်းပြဋ္ဌာန်းထားခြင်း မရှိပါဘူး။ ဆိုလိုတာကတော့ အခုလို ပုဒ်မ ၅၉ ကို ထည့်ရေးသားစရာလည်း မလိုပါဘူး။ မမှန်မကန်တိုင်လို့ရှိရင် ပြောရင် ရာဇသတ်ကြီးမှာ အရေးယူဖို့ ပုဒ်မတွေ ရှိပြီးသားပါ။ မမှန်မကန်တိုင်ကြားသူကို အရေးယူဖို့ ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပြဋ္ဌာန်းလိုက်တဲ့အခါမှာ ပုဒ်မ ၅၉ မှာ (၅)နှစ်အထိတောင် ထောင်ဒဏ်ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့တဲ့ အနှစ်(၃၀)နီးပါး ကာလတစ်လျှောက်မှာလည်းပဲ မှန်ကန်စွာတိုင်ကြားသော်လည်းပဲ တိုင်ကြားသူများဘက်က ရပ်တည်မယ့်သူတွေမရှိတဲ့အတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ မရှိတာကြောင့် တရားလိုတွေဟာ တရားခံဖြစ်ခဲ့တာကို ကျွန်တော်တို့ ကိုယ်တွေ့မြင်ခဲ့ရပါတယ်။ အများအပြား ရှိခဲ့တာကြောင့်မို့ ဒါကိုလေးစားစွာ တင်ပြပါတယ်။ ဒါကြောင့်လည်း တံစိုးစားခြင်းနှင့် အဂတိလိုက်စားခြင်းကို တိုင်းပြည်ပျက်စီးခြင်း အကြောင်းအရင်းများ ဖြစ်ပါတယ်။ ပေါင်းသင်းဆက်ဆံရေးနှင့် လူမှုအဆောက်အအုံပျက်စီးခြင်း၊ နိုင်ငံသားများ စာရိတ္တပျက်ပြားခြင်း၊ အုပ်ချုပ်ရေး ယန္တရားပျက်ခြင်း၊ တိုင်းပြည်နှင့်လူမျိုးပါမကျန် ပျက်စီးပြီးမိစ္ဆာတရားများ၊ အကျင့်သီလပျက်ရာ ရောက်တယ်။ နိုင်ငံ့ဝန်ထမ်း၊ အရာထမ်းများ စာရိတ္တပျက်တာကြောင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပါတယ်လို့ ဦးဘဦး ရေးတဲ့ မြန်မာ့အုပ်ချုပ်ရေးပညာကျမ်း၊ နိုင်ငံရေးကျမ်းမှာလည်း ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားဥပဒေမစိုးမိုးရင် ဒီနိုင်ငံဟာ တရားဥပဒေ မထွန်းကားနိုင်ပါဘူး။ ဒီမိုကရေစီမထွန်းကားနိုင်ပါဘူး။ ဒီမိုကရေစီမထွန်းကားရင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးလည်း မရှိနိုင်ပါဘူး။ ကျွန်တော်တို့ဟာ ဒီမိုကရေစီနိုင်ငံ ထွန်းကားလာအောင် ကြိုးစားရင်းနှင့် ဒီလွှတ်တော်ထဲကို ရောက်လာခြင်းဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံဟာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အောင်မြင်အောင်ကြိုးစားရပါမယ်။ အဂတိလိုက်စားမှုအကြောင်း ပြောမယ်ဆိုရင် များသောအားဖြင့် လူတွေ သိထားတာက လာဘ်ပေးလာဘ်ယူမှု၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးနှင့် လုပ်ငန်းဆိုင်ရာလောက်ပဲ သိကြတာ တကယ်တမ်းကျလို့ရှိရင် အင်မတန် ကျယ်ဝန်းပါတယ်။ ဒီနေရာမှာ ဘာတွေပါသလဲဆိုရင် တရားမဝင်တဲ့နည်းလမ်းနှင့်ရတဲ့ပစ္စည်းတွေ ကုန်သွယ်ခွန်တွေ၊ မြန်မာနိုင်ငံဗဟိုဘဏ်ကိစ္စ၊ ငွေရေးကြေးရေး၊ သစ်တော၊ မူးယစ်ဆေးဝါး တရားမဝင်တဲ့နည်း၊ အမြတ်ခွန်၊ အများပိုင်တဲ့ပစ္စည်း ဒီလိုလုပ်ငန်းတွေ အင်မတန် ကျယ်ပြန့်ပါတယ်။ ဒါကြောင့်မို့လို့ လွတ်လပ်ရေးရခါစက ၁၉၄၈ ခုနှစ်မှာတုန်းက အဲဒီအချိန်က ဝန်ကြီးချုပ်ဦးနုဟာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းပြီး ၁၉၄၉ - ၁၉၅၀ ပတ်ဝန်းကျင်လောက်မှာ ပြည်ထဲရေးဝန်ကြီး ဦးဝင်း ကို လမ်းညွှန်မှုနဲ့ (PPPP)(P4)လို့လည်းခေါ်တယ်။

Public Property Protection Police ဆိုတဲ့ P4 အဖွဲ့ဝင်တွေကို တိုးချဲ့ ဖွဲ့စည်းပြီးတော့ ကော်မတီဥက္ကဋ္ဌအဖြစ်နဲ့ ISS ဦးချမ်းသာ သူ့ရဲ့လက်အောက်မှာ CID တို့၊ SP တို့ထားပြီးတော့ မျက်နှာ ကြီးငယ်မရွေး စုံစမ်းဖော်ထုတ်ခဲ့တာကြောင့် အရေးယူခြင်းခံရသူတွေဟာ နိုင်ငံရေးလောက က စီးပွားရေး၊ မှုခင်းနှင့်မကင်းသူတွေ၊ ပါလီမန်အတွင်းဝန်တွေ၊ အစိုးရဌာနအကြီးအကဲတွေ၊ ဘုတ်အဖွဲ့ ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်သူတွေ၊ ရဲမင်းကြီးကအစ အကုန်လုံး အရေးယူခံရတာတွေ ရှိပါတယ်။ ဖမ်းဆီးသူပေါင်းဟာ (၄၆၄)ဦးရှိပါတယ်။ အရာရှိအကြီးတန်းတွေ (၈၈)ဦးလောက်ရှိပါတယ်။ ဝန်ကြီးချုပ်ကိုယ်တိုင် တိုက်ရိုက်ကြီးကြပ်မှုအောက်မှာထားပြီးလုပ်ဆောင်တာ တွေ့ရပါတယ်။ ဆိုလိုတာကတော့ လက်တွေ့အလုပ်ကို ဆန္ဒရှိရင် ပြီးမြောက်အောင်မြင်နိုင်တယ်လို့ ကျွန်တော် ပြောတာပါ။ ဥပဒေသာ ပြဋ္ဌာန်းပြီးတော့ ပြဋ္ဌာန်းတဲ့ဥပဒေကို အကောင်အထည်မဖော်ဘဲနေခဲ့တာကြောင့် နှစ်ပေါင်းကြာလာတဲ့အခါ ယခုလို တရားဥပဒေ မစိုးမိုးတဲ့ အဖြစ်မျိုးတွေ ကြုံခဲ့ရတာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူက ရွေးကောက်တင်မြှောက်တဲ့ လွှတ်တော်နှင့် လွှတ်တော်က ရွေးကောက်တင်မြှောက်တဲ့ ဒီနေ့အစိုးရဟာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆန္ဒ ပြင်းပြမှု ရှိပါတယ်။ ဒီကိစ္စမှာ စိုးရိမ်တာက အဂတိလိုက်စားမှု တိုက်ဖျက်ရေးတာဝန် ပေးခံရသူတွေဟာ နိုင်ငံရေးသမားတွေ ဖြစ်ဖို့လိုပါတယ်။ Political Will ရှိရင် အောင်မြင်ရပါမယ်။ လွတ်လပ်ရေး ရခါစက ဖြစ်ခဲ့တဲ့ ၁၉၄၈၊ ၁၉၄၉၊ ၁၉၅၀၊ ၁၉၅၁ ကာလတွေမှာ ဝန်ကြီးချုပ် ဦးနု တာဝန်ပေးသူတွေဟာ နိုင်ငံရေးသမားတွေ ဖြစ်တယ်။ ဒါကြောင့်လည်း အဲဒီခေတ်က အောင်မြင်ခဲ့တယ်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့တွေမှာ ထိရောက်စွာ ကိုယ်စိတ်ဆန္ဒနှင့် စိတ်သွားတိုင်းကိုယ်ပါတဲ့ ယန္တရား Mechanism ရှိဖို့လိုပါတယ်။ အရပ်စကားနဲ့ပြောလို့ရှိရင်တော့ အကောင်အထည်ဖော်မယ့် လက်နက်၊ ယန္တရားရှိဖို့ လိုပါတယ်။ ဒါကြောင့် ပုဒ်မ ၁၆ (က)မှာ ပဏာမ စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် စုံစမ်းရေးအဖွဲ့ကို အမြဲတမ်းအဖွဲ့အစည်းအဖြစ် ထည့်သွင်းပါလို့ ပြောခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုလွှတ်တော်ကနေပြီးတော့ တိုင်းပြည်ကို တာဝန်ခံတဲ့ ပြည်သူ့ကိုယ်စားလှယ်အစိုးရ တင်မြှောက်ထားတဲ့ အစိုးရကသာ အုပ်ချုပ်နေတယ်ဆိုတဲ့ မူဟာ ကျွန်တော်တို့ လွှတ်တော်များရဲ့ အင်အားဖြစ်ပါတယ်။ အဲဒီအသည်းနှလုံးဟာ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ အင်အားဖြစ်တာကြောင့် ဆန္ဒရှိတဲ့အတိုင်း အဂတိလိုက်စားမှုကို တိုက်ဖျက်ရေးဟာ အောင်မြင်ရမယ်ဖြစ်ကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၆။**

**ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်တဲ့ဥပဒေမူကြမ်းနဲ့ ပတ်သက်လို့ ရှေ့ကပြောသွားတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ တင်ပြချက်များဟာ သွေးထွက်အောင် မှန်ကန်လွန်းလို့ ကျွန်တော့်အနေနဲ့ အလေးအနက် အကြံပြု ပြင်ဆင်လိုချက်များကို ဆက်လက်တင်ပြပါ့မယ်။ Power Point အသုံးပြုခွင့် တောင်းခံအပ်ပါတယ်။

ရှေးဦးစွာ ဥပဒေကြမ်းကော်မတီရဲ့ ပုဒ်မ ၃၊ ပုဒ်မခွဲ(ပ)ကို (ဖ)အဖြစ် ပြောင်းလဲသတ်မှတ်တဲ့ ပြင်ဆင်ချက်နဲ့ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဈ)နောက်မှာ ပုဒ်မခွဲ(ည)အဖြစ် အသစ်ဖြည့်စွက်ချက်တို့ကို အထူးထောက်ခံအပ်ပါတယ်။ ဒါ့အပြင် မူလပုဒ်မ ၄၃၊ ပုဒ်မခွဲ (ခ)စကားရပ်များအစား အသစ်ဖြည့်စွက်ချက်ကိုလည်း သင့်လျော်တဲ့ဖြည့်စွက်မှုလို့ သုံးသပ်မိပါတယ်။ ကျွန်တော် အဓိက ပြင်ဆင်လိုတဲ့ ပုဒ်မကတော့ မူလအခန်း(၉)မှာပါတဲ့ ပုဒ်မ ၅၄ ပဲ ဖြစ်ပါတယ်။ ပုဒ်မ ၅၄၊ ကော်မရှင်သည် သက်သေခံအဖြစ်သိမ်းဆည်းထားသော ငွေကြေးနှင့် ပစ္စည်းများကို စုံစမ်းစစ်ဆေးခံရသူမဟုတ်သော အခြားသူတစ်ဦးဦးက သဘောရိုးဖြင့် တရားဝင် လွှဲပြောင်းရယူပြီးဖြစ်ကြောင်း သက်သေထင်ရှား ပေါ်ပေါက်ပါက ထိုသူအား ပြန်လည်ထုတ်ပေးရမည်ဆိုတဲ့ စာရဲ့နောက်မှာ သဘောရိုးဟူသည် ကြိုတင်စီမံခြင်းဖြင့် ဆွေမျိုးသားချင်းထံသို့ လွှဲပြောင်းထားခြင်းမျိုး အကျုံးမဝင်စေရလို့ ထပ်မံဖြည့်စွက် ပြုပြင်လိုပါတယ်။ အမှုရင်မဆိုင်ခင် လင်မယားတွေ ကွာရှင်းထားပြီး ပစ္စည်းတွေကို ဝေခြမ်းထားတာမျိုးတွေအပြင် အခြား ဝိနည်းရှောင်တာမျိုးတွေ တွေ့နေရလို့ပါပဲ။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအနေအထားအရ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေနဲ့ တွေ့နေရတဲ့ အခက်အခဲတစ်ခုက တိုင်ကြားမှုကို ဆိုင်ရာဌာနသို့ မိတ္တူပေးပို့ရာမှာ အဲဒီကတစ်ဆင့် ဌာနအတွင်း အစီအမံနဲ့ တိုင်ကြားခံရသူကို ကြိုတင်စစ်ဆေးခြင်း၊ ကြိုတင်အရေးယူခြင်းတွေကို အရင်လုပ်လိုက်လို့ ကျူးလွန်သူများကို အပြစ်လျော့ပေါ့သက်သာရာ ရသွားစေတာမျိုးလည်း ရှိတဲ့အပြင် ဝိုင်းဝန်း ဖုံးဖိလိုက်ကြပြီး တိုင်ကြားမှုမခိုင်မာသလိုလိုနဲ့ တိုင်ကြားသူကို ပြန်ပြီးစွပ်စွဲခြိမ်းခြောက် နောက်လူတွေ မတိုင်ကြား၊ မတင်ပြဝံ့အောင် တွန့်ဆုတ်သွားကြစေတဲ့ အခြေအနေမျိုးတွေလည်း ရှိနေပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(၄)မှာ အစားထိုးထားတဲ့ စကားရပ်နောက်မှာပဲ ထပ်ပြီးဆက်လက်ဖြည့်စွက်လိုတာက တိုင်ကြားခံရသူများကို ကော်မရှင်က မညွှန်ကြားမခြင်း မိတ္တူလက်ခံရရုံးနှင့် ဆိုင်ရာဌာနများမှ ယင်းအမှုတွဲကို ကြိုတင်စစ်ဆေးအရေးယူခြင်း၊ အဆောတလျင် မပြုစေရဆိုတဲ့ စကားရပ်ပဲ ဖြစ်ပါတယ်။

ဆက်လက်ပြီး အကြံပြုသုံးသပ်ချက်အချို့ကို တင်ပြရရင် တကယ်တော့ ဒီဥပဒေကို ပြင်ဆင်စရာမလိုတဲ့အထိ ပြည့်စုံသည်ထက် ပြည့်စုံအောင် အခုကတည်းက ဝိုင်းဝန်းကြိုးစားဖို့လိုပါမယ်။

မြန်မာနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အစီအမံ၊ နည်းနာသစ်များနဲ့ ပြုပြင်ပြောင်းလဲရေးကို အရှိန်အဟုန်မြင့် ဖော်ဆောင်နေရာမှာ အဂတိလိုက်စားမှု လျော့ကျဖို့ များစွာမှ အရေးကြီးလှပါတယ်။ အဂတိလိုက်စားမှု မြင့်မားလာတာနဲ့အမျှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု နည်းပါးခြင်းတို့ဟာ တိုက်ရိုက်ဆက်စပ်နေပါတယ်။ အဂတိတရား တိုးပွားနေရင် တိုင်းပြည်ဘဏ္ဍာ၊ အခွန်အခတွေ လျော့ပါးမယ်။ ဖွံ့ဖြိုးရေးလုပ်ငန်း Project ကြီးတွေမှာ အရည်အသွေးကျဆင်းပြီး နောက်ဆက်တွဲ ပြုပြင်ထိန်းသိမ်းကုန်ကျစရိတ်များ ထပ်မံဖြည့်ဆည်းရခြင်း စသဖြင့် သမင်မွေးရင်း ကျားစားရင်း ဖြစ်နေပါမယ်။ မြန်မာ့ရေးရာလေ့လာရေး Centre၊ Centre of Myanmar Studies မှ ဦးစီးအရာရှိများ၊ မြို့နယ်ပြန်ဆက်ဌာနမှ မြို့နယ်ဦးစီးမှူးများ၊ တာဝန်ယူခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မြို့နယ်(၄၆)မြို့အနက် (၃၁)ခုရှိ လူဦးရေအချိုးဖြစ်တဲ့ (၇၉၄)ဦးကို စစ်တမ်းကောက်ခံကြည့်ရာမှာ လာဘ်ပေးရတဲ့ အကြောင်းရင်းတို့နဲ့ လုပ်ငန်းအဆင်ပြေဖို့ပေးရတာက (၅၈.၁၈)ရာခိုင်နှုန်းဖြစ်ပြီး လုပ်ရိုးလုပ်စဉ်အနေနဲ့ (၃၃) ရာခိုင်နှုန်းရှိကာ အခွင့်အရေးရလိုလို့ပေးတဲ့သူက (၁၀)ရာခိုင်နှုန်းကျော်သာ ရှိတာတွေ့ရပါတယ်။ ဒါ့အပြင် အဲဒီ စစ်တမ်းအရ အဂတိလိုက်စားမှု အများဆုံးဖြစ်လေ့ရှိတဲ့ ဌာနများရဲ့စာရင်းကို ဖော်ပြရာမှာ ရဲ၊ လ.ဝ.က၊ စည်ပင်၊ တရားရေးတို့ဖြစ်ပြီး ပညာရေးနှင့် ကျန်းမာရေးတို့က (၆.၃)ရာခိုင်နှုန်းနဲ့ (၃.၄)ရာခိုင်နှုန်းအနေနဲ့ အနည်းဆုံးဖြစ်လို့ လူထုနှင့်တွေ့ထိဆက်ဆံရလေလေ၊ အဂတိလိုက်စားမှု အများဆုံးဖြစ်ပေါ်လေလို့ ကောက်ချက်ချနိုင်ပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ အဂတိလိုက်စားမှု အနည်းအများ ညွှန်းကိန်းဆိုင်ရာ အချက်အလက်အနေနဲ့ တင်ပြရရင် တိုးတက်ထွန်းကားမှု သာလွန်တဲ့ စင်ကာပူနိုင်ငံအနေနဲ့ ၂၀၁၆ ခုနှစ်၊ (TI) Transprency International အညွှန်းကိန်း သတ်မှတ်ချက်အဆင့် (၇)၊ ရမှတ်(၈၄)ဖြစ်ပြီး မြန်မာကတော့ အဆင့်(၁၃၆)၊ ရမှတ်(၂၈)နှင့် ၂၀၁၇ ခုနှစ်မှာတော့ အဆင့်(၁၃၀) ဖြစ်ပါတယ်။ ဆိုလိုတာက အဂတိလိုက်စားမှုတွေ ခုထက်ထိ နိုင်ငံအတွင်းမှာ မလျော့ကျသေးဘဲ ဆိုးဆိုးရွားရွား လက်ရဲဇက်ရဲ ဆက်ဖြစ်နေပါတယ်။ တိုင်ကြားချက်သတင်းအရ ကျူးလွန်သူတွေကလည်း (၁၂)ဦးထက်မနည်း ထွက်ပြေးလွတ်မြောက်နေတာမို့ ဒီကိစ္စနဲ့ပတ်သက်လို့ ဒီထက်ပိုမိုထိရောက်အောင် ဆောင်ရွက်ကြဖို့ အားလုံးမှာ တာဝန်ရှိပါတယ်။ သတင်းပေးရဲအောင် သတင်းပို့သူတွေကို အပြည့်အဝ ကာကွယ်ပေးနိုင်တဲ့ အစီအစဉ်တွေ သာမန်ဝန်ထမ်းကနေ မတန်တရာ ကြီးပွားမှုတွေ ဖြစ်လာရင် လုပ်ပိုင်ခွင့်ရဝန်ထမ်းတွေအနေနဲ့ လျှမ်းလျှမ်းတောက် ဖြစ်လာရင် အောက်ခြေ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် လေ့လာစောင့်ကြည့်တဲ့အဖွဲ့များ သီးခြားဖွဲ့ပြီး အရပ်သား CSO တွေနဲ့ ပူးပေါင်းကာ များများဖော်ထုတ်နိုင်စေခြင်းဌာ ဗဟိုကော်မရှင်ရဲ့ လုပ်ပိုင်ခွင့်များကို ဖြန့်ကျက်တိုးမြှင့်ပေးထားနိုင်မယ့် ပုဒ်မ ၂၃ ကို အသက်ဝင်အောင် အမြန်အကောင်အထည်ဖော်နိုင်ဖို့ အကြံပြုလိုပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးအနေနဲ့ ဒီကနေ့ထိ မဲဆန္ဒရှင်ပြည်သူတွေရဲ့ ရင်ထဲမှာ ပြောင်းလဲသင့်ပါလျက် မပြောင်းတဲ့အပြင် ပိုမိုဆိုးရွားလာနေတယ်လို့ ခံစားနေကြရတဲ့ အဂတိတရားလိုက်စားမြဲ ဌာနဆိုင်ရာတွေနဲ့ပတ်သက်လို့ ကချင်ပြည်နယ်ရဲ့ အဓိက မြို့ကြီးတစ်မြို့က Passport ရုံးကို သွားရခိုက် အမြန်ကြေး တစ်သိန်း ပိုပေးခဲ့ရတဲ့ ဒေသခံ တိုင်းရင်းသူ (၂)ယောက် ပြောကြားသွားတဲ့ စကားစုလေးတွေကို တင်ပြပေးပါမယ်။ ကိုယ်စားလှယ်တော်ကြီးများက ဒါကို ကြည့်လိုက်ရုံနဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေး စတုတ္ထအကြိမ် ပြင်ဆင်မယ့် ဥပဒေကြမ်းကို

ဘယ်လိုပြုပြင်အစားထိုးရင် ပိုကောင်းမလဲဆိုတာ ပိုပြီး အကြံပြုနိုင်ကြမှာပါ။ တကယ်လို့သာ ရန်ကုန်တိုင်းဒေသကြီးမှာ စစ်တမ်းကောက်ခဲ့တဲ့ မြန်မာ့ရေးရာ လေ့လာရေး Centre အဖွဲ့က ကချင်ပြည်နယ်လာပြီး စာရင်းကောက်ခဲ့မယ်ဆိုရင်တော့ သစ်တော၊ သယံဇာတ၊ သတ္တု၊ သဘာဝပတ်ဝန်းကျင်စတဲ့ ဌာနအဖွဲ့တွေရောပဲ သူ့ထက်ငါ အပြိုင်အဆိုင် စံချိန်ချိုးနေကြဦးမလားလို့ တွေးထင်မိပါတယ်။ နိုင်ငံအတော်များများမှာ အဂတိလိုက်စားမှု လုံးဝပျောက်ကွယ်သွားဖို့ဆိုတာ မဖြစ်နိုင်သေးပေမယ့် လက်ရှိအနေအထားများကနေ တတ်နိုင်သမျှ လျော့ပါးသွားအောင် အားလုံးမှာ တာဝန်ရှိတာမို့ အသိပေးလက်ဆင့်ကမ်းတဲ့အနေနဲ့ ကချင်ပြည်နယ် ဒေသခံအမျိုးသမီးကြီး(၂)ယောက်ရဲ့ ဌာနဆိုင်ရာဂါရဝပြုခေါင်းစဉ်အောက်ကနေ ပေါ်ပေါက်လာတဲ့ ခံစားချက်စကားစုများကို Power Point မှာ အခုလိုတင်ပြလိုက်ရပါတယ်။

Power Point နောက်တစ်ခု၊ ဆိုလိုတာက ပြောင်းလဲချိန် တန်ပြီဆိုပြီး တို့တွေ မဲပေးခဲ့ကြရာမှာ ပြောင်းလဲသင့်တဲ့ အချို့၊ အချို့တွေ မပြောင်း၊ မပြင်နိုင်ကြသေးဘဲ ပိုဆိုးလာနေတဲ့ အစိုးရဌာနတွေက နဂိုကထက် ပိုပြီးတောင်းရမ်း သောင်းကျန်းနေကြတဲ့အပြင် အထက်အောက် စုန်ဆန်၊ အကုန်မကျန် လက်ရဲဇက်ရဲ ဌာနတွေ ရှိနေတယ်ဆိုတာကို ပြည်သူတွေက မီးမောင်းထိုးပြနေခြင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လုပ်ငန်းခွင့်ပြုချက်တွေအတွက် ဆက်ကြေးဆက်နေရလို့ တိုင်းပြည် Project တွေရဲ့ အကျင့်ပျက်ခြစားမှုကနေ အကာအကွယ်ပေးနိုင်သည့်အထိ ဥပဒေအသစ်ကို ပြဋ္ဌာန်းပြီး ကော်မရှင်အနေနဲ့ ပြည်သူများနှင့်အတူ အလွှာအသီးသီးရှိ အဂတိလိုက်စား တရားခံများကို ဖော်ထုတ် နိုင်ပါစေလို့ ဆန္ဒပြု နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၃။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါရှင်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ဥပဒေ၏ အမည်အား ပြင်ဆင်သင့်ကြောင်း ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံဟာ ၁၉၄၈ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့ နေ့စွဲနဲ့ အဂတိလိုက်စားမှု တားမြစ်ရေးအက်ဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့တာကြောင့် မြန်မာနိုင်ငံအနေနဲ့ အဂတိလိုက်စားမှု တားမြစ်ဖို့ အစောဆုံးဆောင်ရွက်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာ ၂၃ လွတ်လပ်ရေးမရမီ အချိန်မှာဆိုရင် ပြည်သူ့ထောက်ပံ့ရေးပစ္စည်းများ ခိုးယူခြင်းမှ ကာကွယ်သည့် ကော်မတီ (Civil Supplies Thefts Preventive Committee)၊ ပြည်သူပိုင် ပစ္စည်းကာကွယ်ရေး ကော်မတီ (Public Property Protection Committee)၊ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအဖွဲ့ (Public Property Protection Police P4)စသည်တို့ ရှိခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ ၂၀၀၃ ခုနှစ်၊ ကုလသမဂ္ဂ အဂတိလိုက်စားမှု ဆန့်ကျင်တိုက်ဖျက်ရေး Convention၊ UN Convention၊ Against Corruption 2003 ကို မြန်မာနိုင်ငံအား ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ မှာ အဖွဲ့ဝင်အဖြစ်

လက်ခံပြီးတော့ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှာ မြန်မာနိုင်ငံက လက်မှတ်ရေးထိုးခဲ့ပါတယ်။ ကုလသမဂ္ဂ အဂတိလိုက်စားမှု ဆန့်ကျင်ရေး တိုက်ဖျက်ရေး Convention ရဲ့ ရည်ရွယ်ချက်က အဂတိလိုက်စားမှုအား ပိုမိုထိရောက်အောင်မြင်စွာ တားဆီးနှိမ်နင်းရေးကိစ္စများကို တိုးမြှင့်ဆောင်ရွက်ရန်သော်လည်းကောင်း၊ အဂတိလိုက်စားမှုအား တားဆီးကာကွယ်ရေးနှင့် မတရားရယူထားသော ပစ္စည်းများကို ရှာဖွေသိမ်းဆည်းရေးတို့အတွက် အရေးယူဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် နည်းပညာအကူအညီများကိုတိုးမြှင့်၍ ဖြည့်ဆည်းထောက်ပံ့ဆောင်ရွက် နိုင်ရန်အတွက်လည်းကောင်း၊ ပြည်သူ့ရေးရာကိစ္စများနှင့် ပြည်သူ့ပစ္စည်းများကို ဖြောင့်မတ်ရိုးသားမှု၊ တာဝန်ခံမှုနှင့်လျော်ကန်သင့်မြတ်စွာ စီမံခန့်ခွဲမှုများကို မြှင့်တင်ရန်ဆောင်ရွက်ဖို့အတွက် ပြဋ္ဌာန်းထားခြင်း ဖြစ်ကြောင်း သိရှိရပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေအမှတ် (၂၃)ဖြင့် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့မှ ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီဥပဒေကို လေ့လာကြည့်တဲ့အခါမှာ ဥပဒေဟာ ပြည့်စုံတဲ့ ဥပဒေတစ်ခုဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ ဒီဥပဒေဟာ လက်တွေ့အမှန်တကယ် အကောင်အထည်ဖော်ဖို့ ကျင့်သုံးဖို့ရာ ပြည်သူများစောင့်စားနေမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံဟာ များသောအားဖြင့် အဂတိလိုက်စားမှုနှင့် ပတ်သက်လို့ရှိရင် ဝေစုယူနေမှုများသာတွေ့ရပြီးတော့ အရေးယူဆောင်ရွက်မှုမှာ အင်မတန်မှ အားနည်းလျက်ရှိကြောင်း နိုင်ငံတကာကလည်း ထောက်ပြပါတယ်။ ကျွန်မတို့ အားလုံးလည်း အသိဖြစ်ပါတယ်။ ဒါပေမဲ့ ဥပဒေကြမ်းရဲ့အမည်ဟာ နားလည်မှုခက်ခဲတဲ့ ဝေါဟာရဖြစ်ပြီးတော့ ရိုးရှင်းလွယ်ကူတဲ့ မြန်မာဝေါဟာရ တိတိကျကျ ရှိနေတာကြောင့် ရိုးရှင်းတဲ့ဝေါဟာရအား ပြောင်းလဲသုံးသင့်ပါကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မြန်မာ၊ အင်္ဂလိပ် ပါဠိအဘိဓာန် စာမျက်နှာ(၉၁၄)မှာ အဂတိဆိုသည့် ဝေါဟာရအား Wrong Course, Wrong Conduct, Pursuing a Wrong Course or Conduct ဟု အဓိပ္ပာယ် ဖွင့်ဆိုထားပြီး မြန်မာစာပေမှာ အဂတိလိုက်စားမှုဆိုသည်မှာ လာဘ်ပေး၊ လာဘ်ယူထက် များစွာ ကျယ်ဝန်းကြောင်း လေ့လာမိပါတယ်။ အဂတိလိုက်စားရေးကို လေးပါးဟူ၍ ဖော်ပြလျက် ရှိပေမယ့် စင်စစ်မှာ အဂတိတရားဆိုသည်မှာ လမ်းမှားလိုက်ခြင်းဟူသော တစ်ပါးတည်းသာ ရှိပါတယ်။ လေးပါးကို လေးပါးအဖြစ် ဖော်ပြထားသော အကြောင်းအရာများမှာ အဂတိတရားကိုဖြစ်စေသော အကြောင်းတရားများသာဖြစ်ပါတယ်။ ထိုလေးပါးများမှာ ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟ စတဲ့ အကြောင်းတရားလေးပါးဖြစ်၍ ဆန္ဒကတိမှာ မိမိအလိုဆန္ဒကို လိုက်၍ အမှားပြုမိခြင်း၊ ဒေါသကတိမှာ အမျက်ဒေါသကြောင့် အမှားပြုမိခြင်း၊ မောဟကတိမှာ အသိတရားကင်းမဲ့၍ အမှားပြုမိခြင်းနှင့် ဘယကတိမှာ အကြောက်တရားကြောင့် အမှားပြုမိခြင်းကြောင့် ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အမှားပြုမိခြင်းဟာ တစ်မျိုးတည်းသာဖြစ်ကြောင်း လေ့လာတွေ့ရှိရမှာပါ။ ဒီ အဂတိတရားဆိုသည်မှာ ဒီလေးပါးကို အခြေခံပြီးတော့ တကယ်တမ်း အမှားပြုမိခြင်း တစ်ခုအပေါ်မှာပဲ ဒါ ဘယ်လိုပဲ ဒီ အမှားလေးခုကို လုပ်လုပ်၊ တစ်ခုတည်းသာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အမှားပြုမိခြင်းဟာ တစ်မျိုးတည်းဖြစ်၍ လေးပါးဆိုသည်မှာ အကြောင်းတရားများသာ ဖြစ်ကြောင်း တင်ပြလိုပါတယ်။

မြန်မာဝေါဟာရ အဂတိတရားဟာ အင်္ဂလိပ်ဝေါဟာရ Corruption မြန်မာဝေါဟာရ လာဘ်ပေးလာဘ်ယူမှု ဆိုသည်ထက် များစွာကျယ်ပြန့်ပါတယ်။ ထို့အတူ အဂတိလိုက်စားမှု၊ အဂတိလိုက်စားသည့် အရေးကိစ္စအားလုံးကို အရေးယူရန် မဖြစ်နိုင်တဲ့အပြင်၊ ဥပဒေ၏ရည်ရွယ်ချက်မှာ လာဘ်ပေးလာဘ်ယူ ပပျောက်ရန်သာ ဖြစ်တဲ့အတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေအစား လာဘ်ပေးလာဘ်ယူ တိုက်ဖျက်ရေးဥပဒေဟု အမည်ပေးမှုသာလျှင် ဆီလျော်မည်ဖြစ်ပါကြောင်း ပြင်ဆင်ချက်အဆိုကို ဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၇။**

**နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်မကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ထားတဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေ အပေါ်မှာ ပထမအချက်အနေနဲ့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥပဒေကြမ်း အပိုဒ် ၇၊ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (၃)မှာ တိုင်ကြားစာများကို စိစစ်၍လက်ခံခြင်း၊ စုံစမ်းစစ်ဆေးအရေးယူခြင်း၊ မမှန်မကန် တိုင်ကြားကြောင်း စစ်ဆေးတွေ့ရှိသည့် တိုင်ကြားစာများကို ပယ်ခြင်း၊ မမှန်မကန် တိုင်ကြားသူကို ဥပဒေအရ အရေးယူခြင်းနှင့် တိုင်ကြားခံရသူအပေါ် တိုင်ကြားချက်သည် နိုင်ငံ့ဝန်ထမ်းဥပဒေအရ အရေးယူသင့်သည်ဟု စိစစ်တွေ့ရှိပါက ဆိုပြီးတော့ အဲဒီစကားရပ်တွေ ပါ ပါတယ်။ အဲဒီမှာ ပြင်ဆင်လိုတဲ့ အချက်ကတော့ မမှန်မကန် တိုင်ကြားသူကိုယ်စား မမှန်မကန်ကို သိလျက်နှင့် တိုင်ကြားသူ၊ တစ်ခါတစ်လေ တိုင်ကြားတဲ့အခါမှာ ဒီအကြောင်းအရင်းကို မသိဘဲနဲ့ တိုင်လိုက်တဲ့ဟာမျိုး ရှိလို့ရှိရင် ဒီ ဥပဒေနဲ့ အရေးယူရမှာဖြစ်တဲ့အတွက်ကြောင့် မမှန်မကန်ကိုသိလျက်နှင့် တိုင်ကြားသူကိုပဲ အရေးယူဖို့ အတွက် ပြင်ဆင်လိုပါတယ်။

မူလဥပဒေ အခန်း(၃)၊ ပုဒ်မ ၉ မှာ ဆိုလို့ရှိရင် ကော်မရှင်အဖွဲ့ဝင် အသီးသီးသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်ဆိုတဲ့ အချက်တွေထဲမှာ နံပါတ်(ဂ)မှာ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က မိမိရွေးချယ်ပေးခွင့် ရှိသူများသည် တည်ကြည်ဖြောင့်မတ်ပြီး သမာသမတ်ရှိသူအဖြစ် ယူဆခြင်းခံရသူလို့ ဖော်ပြထားပါတယ်။ အဲဒီစကားရပ်အစား သမာသမတ်ရှိပြီး စွမ်းရည်ရှိသူလို့ ပြင်ဆင်လိုပါတယ်။ ကျွန်မတို့ ဒီ ကော်မရှင်တွေကို ရွေးချယ်တဲ့အခါမှာ တည်ကြည်ရုံ၊ သမာသမတ်ရှိရုံ၊ ရိုးသားရုံနဲ့ မရပါဘူး။ သူတို့ဟာ စွမ်းရည် ရှိရပါမယ်။ ပေးအပ်တဲ့တာဝန်ကို ကျေကျေပွန်ပွန် ထမ်းဆောင်နိုင်တဲ့ပညာ အရည်အချင်းလည်း ရှိရပါမယ်။

ခုနက အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးသွားသလို အဂတိလိုက်စားမှု နယ်ပယ်ဟာ အင်မတန်မှ ကျယ်ပြန့်ပါတယ်။ အုပ်ချုပ်မှုတွေ၊ တရားစီရင်ရေး၊ ဥပဒေပြုမှုကဏ္ဍတွေ ပါမယ်။ မူးယစ်ဆေးဝါးကိစ္စတွေ သယံဇာတ၊ ဆောက်လုပ်ရေး တင်ဒါခေါ်ယူမှုကအစ ဒီကိစ္စတွေဟာ ဒီ အဂတိလိုက်စားမှုကော်မရှင်ကနေပြီးတော့ စုံစမ်းဖော်ထုတ်ရမှာ ဖြစ်တဲ့အတွက်ကြောင့် အဲဒီပညာရပ်

ဆိုင်ရာ စွမ်းရည်ရှိသူတွေကို ပါဝင်ဖို့ ဆိုတဲ့အချက် စွမ်းရည်ရှိသူ ဆိုတဲ့အချက်ကို ထည့်သွင်းလိုပါတယ်။ နောက်ပြီးတော့ ပုဒ်မ ၁၀ မှာ အောက်ပါ တစ်ရပ်ရပ်နှင့် အကျုံးဝင်သူအား ကော်မရှင် အဖွဲ့ဝင်အဖြစ် ရွေးချယ်တာဝန်ပေးအပ်ခြင်းမပြုရ ဆိုတဲ့နေရာမှာ နောက်ထပ်တစ်ချက် ထည့်ချင်တာကတော့ နိုင်ငံရေး ပါတီ တစ်ခုခုတွင် အဆင့်မြင့် တာဝန်ယူထားသူ ဆိုတဲ့အချက်ကိုလည်း ထည့်လိုပါတယ်။ ဒီမှာတော့ အဓိကကတော့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ တာဝန်ထမ်းဆောင်နေသူ ဖြစ်ခြင်း ဆိုတာကို ထည့်ထားပါတယ်။ အဲဒါလည်း လိုအပ်ပါတယ်။ ဒါ့အပြင် နိုင်ငံရေးပါတီ တစ်ခုခုမှာ အဆင့်မြင့် တာဝန်ယူထားတဲ့သူ ဆိုတဲ့အချက်ကိုလည်း ထည့်လိုပါတယ်။

ဒီ ပုဒ်မ ၁၆ ကော်မရှင်ရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်များမှာ ဆိုလို့ရှိရင် ကျွန်မ တစ်ချက်ထပ်ပြီး တော့ ထည့်ချင်တာကတော့ ကော်မရှင်အနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင်ဝန်ထမ်းများကို အဖွဲ့အစည်း အတွင်း ရှင်းလင်းမှုနှင့် ပွင့်လင်းမြင်သာမှုရှိသော လုပ်ထုံးလုပ်နည်းများဖြင့် ဝန်ထမ်းခန့်အပ်ခြင်းနှင့် တာဝန်မှ ရပ်စဲခြင်းတို့ကို ဆောင်ရွက်နိုင်ခွင့်ရှိခြင်း ဆိုတဲ့အချက်ကို ထည့်လိုပါတယ်။ နောက်ပြီးတော့ ပထမမှာတော့ စိစစ်ရေးအဖွဲ့နဲ့ စုံစမ်းရေးအဖွဲ့တွေကို လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးခြင်း၊ ၎င်းအဖွဲ့ များကို လမ်းညွှန်ခြင်းဆိုတာပါတယ်။ သို့သော်လည်း ပိုမိုပြီးတော့ တိကျအောင်အတွက် ပွင့်လင်းမှုနှင့် ရှင်းလင်းမှုရှိတဲ့ လုပ်ထုံးလုပ်နည်းများနဲ့ ဝန်ထမ်းခန့်အပ်ခြင်း၊ အဲဒီဝန်ထမ်းတွေကလည်းပဲ အဆင်မပြေဘူး ဆိုလို့ရှိရင် ဒီ စည်းမျဉ်း၊ စည်းကမ်းနဲ့ မညီဘူးဆိုလို့ရှိရင်လည်း ဒါ ကော်မရှင်ကနေပြီးတော့ တာဝန် ရပ်စဲနိုင်တဲ့ အခွင့်အာဏာ ရှိရပါမယ်။

နောက်ထပ်တစ်ချက်ကတော့ ဒီ(ဇ)မှာ နှစ်ပတ်လည် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့ထံ သတ်မှတ်ချက်များနှင့်အညီ တင်ပြခြင်း ဆိုတဲ့အချက်မှာ ထပ်မံပြီးတော့ ဖြည့်စွက်ချင်တာ ကတော့ ကော်မရှင်သည် ၎င်းတို့၏ လုပ်ဆောင်ချက်များကို လူထုထံသို့ အနည်းဆုံး တစ်နှစ်တစ်ကြိမ် ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် အစီရင်ခံစာကို တရားဝင် တင်ပြခြင်း ဆိုတဲ့ အချက်ကိုလည်း ထည့်လိုပါတယ်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေ၊ မူလဥပဒေ ပုဒ်မ ၁၇ မှာလည်းပဲ ဒီကော်မရှင် ရဲ့လုပ်ငန်း လုပ်ပိုင်ခွင့်များရဲ့အောက်မှာ ကော်မရှင်သည် အာဏာအလွဲသုံးမှုများနှင့် လွဲမှားသော လုပ်ဆောင်မှုများ ရှောင်ရှားနိုင်ရန်အတွက် စောင့်ကြည့်ကွပ်ကဲမှုများနှင့် စည်းမျဉ်း စည်းကမ်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပါအဝင် ရှင်းလင်းသောစည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများဆိုင်ရာ စံနှုန်း များကို ချမှတ်အကောင်အထည်ဖော်နိုင်ပါသည်။

ဒီ ကော်မရှင်ဟာဆိုလို့ရှိရင် ဒီ တခြား Institution တွေရဲ့ မှားယွင်းချက်၊ လူပုဂ္ဂိုလ်တွေရဲ့ လာဘ်ပေးလာဘ်ယူမှုတွေကို ဖော်ထုတ်ရမယ့်ကော်မရှင် ဖြစ်ပါတယ်။ သို့သော်လည်း ကော်မရှင် ကိုယ်တိုင် သူတို့ကိုယ်သူတို့ ပြန်လည်ထိန်းကျောင်းတဲ့ ကွပ်ကဲမှုတွေ၊ စည်းမျဉ်း စည်းကမ်းတွေ၊ လုပ်ထုံးလုပ်နည်းတွေကို တိတိကျကျ ချမှတ်မှသာလျှင် ကော်မရှင်ဟာလည်း တစ်ခါထပ်ပြီး လာဘ်ပေး လာဘ်ယူတွေကို ရှောင်ရှားနိုင်မှာဖြစ်ပါတယ်။

ဒီ မူလဥပဒေ အခန်း (၆)၊ အခန်း (၆) မှာဆိုလို့ရှိရင် ကော်မရှင်ဖွဲ့စည်းခြင်းရဲ့အောက်မှာ စစ်ဆေးရေးမှူးချုပ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ပုဒ်မ ၃၈ မှာ စစ်ဆေးရေးမှူးချုပ်သည် ကော်မရှင်ကို

တာဝန်ပေးပြီး ကော်မရှင်၏လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းများကို ဆောင်ရွက်ရမည် ဆိုတဲ့အချက်က မရှင်းမလင်းဖြစ်နေပါတယ်။ ဒီမှာဖော်ပြထားတာက စစ်ဆေးရေးမှူးချုပ်က ကော်မရှင်ကို တာဝန်ပေးရမယ်။ ပြီးတော့မှ ကော်မရှင်ရဲ့လမ်းညွှန်ချက်အတိုင်း သူကပြန်လုပ်ရမယ်ဆိုတော့ ဒီလုပ်နည်းလုပ်ဟန်က တော်တော်လေး ရှုပ်ထွေးနေပါတယ်။ အဲဒါကြောင့်မို့လို့ ဒီအပိုဒ်ကိုလည်းပဲ စစ်ဆေးရေးမှူးချုပ်သည် ကော်မရှင်၏လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်လို့ ပြင်ဆင်လိုကြောင်း ဆွေးနွေးလိုပါတယ်။

ပြီးတော့ ပုဒ်မ ၄၂ မှာဆိုလို့ရှိရင် ကော်မရှင်အဖွဲ့ဝင် ပဏာမစစ်ဆေးရေးအဖွဲ့ဝင်နှင့် စစ်ဆေးရေးမှူးများသည် ဤဥပဒေပါလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ရဲအရာရှိတစ်ဦး၏ လုပ်ပိုင်ခွင့်နှင့် ကင်းလွတ်ခွင့်များရှိစေရမည် ဆိုတဲ့အပိုဒ်မှာ ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများသည် ၎င်းတို့၏လုပ်ပိုင်ခွင့်အရ ဆောင်ရွက်ချက်များအတွက် တရားစွဲဆိုမှု ခံရမှုများမှ ကင်းလွတ်ခွင့်ရှိရမည်ဖြစ်သည်ဆိုတဲ့အချက်ကိုလည်း ထပ်မံဖြည့်စွက်လိုပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၅၅။**

**ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)** ။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါခင်ဗျား။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ကျွန်တော့်အနေနဲ့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဂတိဆိုတာ ပါဠိ စကားကို မွေးစားအသုံးပြုထားတာပါ။ ကုလသမဂ္ဂလည်း ဒီအတိုင်းပါပဲ။ ပါဠိစကားကို မွေးစားထား တာပါပဲ။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ခုနကပြောတဲ့ လာဘ်ပေးလာဘ်ယူဆိုတာ လာဘ က လာတာ ပါ။ ပါဠိစကားလုံးက လာတာပါပဲ။ အဲဒီတော့ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ လာဘ်ပေးလာဘ်ယူ ကိစ္စကျပေးတာ၊ ကမ်းတာလောက်လည်းရတယ်။ ဒီထဲမှာ ဒီဥပဒေက ကျယ်ပြန့်တဲ့အခါမှာ ပေးဖို့ အတွက် ဆွေးနွေးတာ၊ တောင်းရမ်းတာ စကားနဲ့ကိုပဲ ဒီဥပဒေက ကျွန်တော်တို့ အသုံးပြုလို့ရတဲ့ အတွက် ကျွန်တော် ဒီဥပဒေကို ကျွန်တော့်အနေနဲ့ လက်ရှိတိုင်းပြည်အနေအထားမှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အင်မတန် လိုအပ်နေတဲ့ အချိန်လို့လည်း ကျွန်တော့်အနေနဲ့ ဆိုချင်ပါတယ်။

ကျွန်တော်တို့ရဲ့ ၁၉၄၈ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်က ကျွန်တော်တို့ပြဋ္ဌာန်းခဲ့တဲ့ အဂတိ လိုက်စားမှုတားမြစ်ရေးဥပဒေကို ကျွန်တော်တို့ ၆၇၊ ၄၈ အဲဒီဥပဒေဖျက်သိမ်းပြီးတော့ ဒီလက်ရှိ ဥပဒေကို ၂၀၁၃ ခုနှစ်က ပြဋ္ဌာန်းခဲ့တာပါ။ အဲဒီတော့ ဆိုလိုချင်တာက လက်ရှိဥပဒေကို ကျွန်တော်တို့ ပြင်တာ(၄)ကြိမ်ရှိပါပြီ။ (၄)ကြိမ်ရှိတဲ့အခါမှာ တချို့ဟာလေးတွေက အသက်ကလေးတွေ၊ ဦးရေလေးတွေ

ပြင်တာများပါတယ်။ ကျွန်တော်တို့ အဓိကပြင်တာက အဂတိဆိုတာ လာဘ်ပေးလာဘ်ယူနဲ့ ပြောင်းတဲ့ ကိစ္စလေးရှိပါတယ်။ အဲဒီဟာ ပထမအကြိမ်ပြင်တာပါပဲ။

အဲဒီတော့ နံပါတ်(၁) ပုဒ်မ ၁ ကို ကျွန်တော်ပြင်ချင်ပါတယ်။ အဆိုပြုထားတာက ဤဥပဒေကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေလို့ ကျွန်တော်တို့ ဆိုထားပါတယ်။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီကတော့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပြင်ဆင်သည့်ဥပဒေ(၂၀၁၈)လို့ ခေါ်တွင်စေရမည်လို့ ဆိုပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဤဥပဒေကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေ(၂၀၁၈)လို့ ကျွန်တော့် အနေနဲ့ ပြင်ဆင်ချင်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ရဲ့ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အခုဆို သတ္တမ၊ လာမယ့်နှစ်ဆို အဋ္ဌမ ဒါကတော့ ကျွန်တော်တို့ရဲ့ သတ်မှတ်ချက်တစ်ခုပါပဲလို့ ကျွန်တော့် အနေနဲ့ ပြောလိုပါတယ်။

နောက်ရှေ့က ဆရာဦးကြည်ဝင်းလည်း တင်ပြသွားပါပြီ။ ကော်မရှင်၏လုပ်ငန်း တာဝန်များမှာ ပုဒ်မ ၁၆၊ ကျွန်တော်တို့ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(က)မှာ ပဏာမစစ်ဆေးရေးအဖွဲ့နှင့် စုံစမ်းရေးအဖွဲ့များကို လိုအပ်သလိုဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် ယင်းအဖွဲ့များက လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းဆိုတာ ရှိပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက် ဒုတိယအကြိမ်မှာ ပြင်ဆင်ခဲ့တာက ပုဒ်မ ၇၀၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)မှာ ဒီကော်မရှင်အဖွဲ့ကို ပြည်ထောင်စုဝန်ကြီးအဆင့်၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များကို ဒုတိယဝန်ကြီးအဆင့် ဆိုပြီးတော့ ကျွန်တော်တို့ ဥပဒေကိုပြင်ထားပါတယ်။ အဲဒီတော့ ဒီဥပဒေကို ကျွန်တော်တို့က သတ်သတ်မှတ်မှတ်နဲ့ ဌာနတစ်ခုအနေနဲ့ အားလုံးပဲ ဝန်ထမ်းတွေနဲ့ သတ်သတ်မှတ်မှတ်ဖြစ်စေချင်ပါတယ်။ ဒါကြောင့်မို့လို့ ဟိုဌာနက ခေါ်လိုက်၊ ဒီဌာနက ခေါ်လိုက်နဲ့မလုပ်ဘဲနဲ့ တွင်တွင်ကျယ်ကျယ် ယုံယုံကြည်ကြည် အပြည့်အဝဖြင့် သတ်သတ်မှတ်မှတ် တာဝန်ပေးအပ်ဖို့ ဒီဥပဒေကို ပုဒ်မ ၁၆(က) ကို ကျွန်တော့်အနေနဲ့ ပြင်ချင်ပါတယ်လို့ ဆိုချင်ပါတယ်။

နောက် ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဈ)ရဲ့နောက်မှာ ပုဒ်မခွဲ(ည)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမယ်လို့ ဆိုပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ သင်ခန်းစာများကို အခြေခံပညာ မူလတန်းအဆင့်မှစတင်၍ အခြေခံပညာ ပညာပေးသင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းလို့ ထည့်ထားပါတယ်။ ကျွန်တော်စဉ်းစားကြည့်ပါတယ်။ ကျွန်တော်တို့ ကလေးသူငယ်အရွယ်မှစပြီး မဟုတ်တာလုပ်ရမှာ ရှက်စရာ၊ ကြောက်စရာဖြစ်ကြောင်း သိစေဖို့ ဒါထည့်သွင်းထားတယ်လို့ ကျွန်တော့်အနေနဲ့ယူဆပါတယ်။ ဒီတော့ ပြည်သူ့နီတိတွေ၊ ဒီမိုကရေစီတွေလည်း သင်ကြားပေးဖို့လိုလာပါတယ်။ ကျွန်တော်တို့ငယ်ငယ်ကသင်ခဲ့ရတဲ့ တံခါးမှူး ဒတ္တ အကြောင်းလိုပါပဲ။ အိမ်မှာ ကျွန်တော်တို့ လက်တွေ့ဆန်တဲ့အကြောင်းအရာနဲ့ ကျွန်တော်တင်ပြပါရစေ။ ကျွန်တော့်အိမ်မှာ မြေးနဲ့တူမလေးရှိတယ်။ ဒတ္တအကြောင်းကို ကျွန်တော်ပုံပြင်လေးပြောပြရင် တံခါးမှူးဒတ္တ မလုပ်ချင်ပါဘူး။ ရှက်တာ၊ ကြောက်တာ၊ တကယ်တော့ တောင်းတာ၊ ရမ်းတာ ကြိမ်ဒဏ်အချက်(၅၀)တောင်းတယ်။ တောင်းတယ်။ ရမ်းတယ်။ အရိုက်ခံရတဲ့ ဒတ္တ အကြောင်းကို ပြောရင် သူတို့က ဒတ္တကိုမလုပ်ချင်ဘူး။

ဒါကြောင့်နောင်လာနောက်သားတွေလည်း ကျွန်တော်တို့က ဒီလိုသိစေဖို့အတွက် အရှက်တရား၊ အကြောက်တရား၊ တောင်းတယ်၊ ရမ်းတယ်ဆိုတာ ဒါသမာအာဇီဝ ကျတဲ့ကိစ္စမဟုတ်ဘူးဆိုတာ ကျွန်တော်တို့ သိစေချင်လို့။ အဲဒါကိုထည့်တဲ့အခါမှာလည်း မူလတန်းအဆင့်မှာရနိုင်မလား။ ကျွန်တော်တို့ အလယ်တန်း အဆင့်မှ ကျွန်တော်တို့ ထည့်ပြီးသင်ပေးနိုင်မလား။ စဉ်းစားတွေးခေါ်နိုင်ဖို့။ ကျွန်တော့်အနေနဲ့ အဲ့ဒါလေးလည်း ဆွေးနွေးလိုပါတယ်။

နောက် ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဌ) ကျွန်တော်တို့(ဌ) တိုင်ကြားစာများကို စိစစ်၍ မူလဥပဒေမှာ လက်ခံခြင်း၊ မမှန်မကန်တိုင်ကြားကြောင်း စိစစ်တွေ့ရှိသည့်တိုင်ကြားစာများကို ပယ်ချခြင်းနှင့် မမှန်မကန်တိုင်ကြားသူကို ဥပဒေအရအရေးယူခြင်းမှာ ကျွန်တော်တို့ မမှန်မကန်တိုင်ကြားတာကို အဲ့ဒါကိုလည်းပဲ ဖျက်စေချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ တိုင်းသူပြည်သားများ အားလုံးဟာ ဥပဒေမှာအသိအားနည်းချက် ရှိလို့ပါပဲ။ ဆိုကြပါစို့။ တိုင်ဖို့နေနေသာသာ ကျွန်တော်တို့ ဒေသမှာ ဥပမာကျွန်တော်လက်တွေ့ မနေ့တစ်နေ့ကမှပါပဲ။ ကျွန်တော့်ရဲ့အရပ်ဒေသမှာ ကျွန်တော့်ရဲ့ ကျေးလက်နေတောင်သူလယ်သမား နွားများသယ်ယူဆောင်လာတဲ့ကိစ္စမှာ ကျွန်တော်တို့ လမ်းမှာ အဖမ်း ခံရပါတယ်။ ခရိုင်ကျော်ဆိုပြီးတော့။ ဆိုလိုတဲ့အချိန်မှာ ကျွန်တော်က ပြောပြပါတယ်။ တရားသူကြီး ကော ကျွန်တော် ဝင်မစွက်ဖက်ပါဘူး။ တင်တော့တင်ပြပါရစေ။ ဥပဒေဝန်ထမ်းကော ဘာလို့လဲ ဆိုတော့ ကျွန်တော်တို့ရဲ့ ဒီအရေးကြီးကုန်စည်ဥပဒေတော့ ဟုတ်ပါတယ်။ ရှိပါတယ်။

သို့သော်လည်း ဒီနေ့ တိုင်းပြည်ရဲ့ ဝန်ကြီးဌာနစီမံချက်နှင့် အမိန့်ညွှန်ကြားစာနှင့် ကျွန်တော်တို့ နိုင်ငံခြားကို နွားတွေတင်ပို့နေတယ်။ ဒါကြောင့် ကျွန်တော်တို့တောင်သူတွေကို ဒါလေးကိုတော့ စဉ်းစား ပေးဖို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံပါတယ်။ မေတ္တာရပ်ခံတော့ တောင်သူများက ဘာဖြစ်လာလဲဆိုတော့ ကျွန်တော်က ရှေ့ကနေပြီး စာနဲ့ပေနဲ့သွားထားတဲ့ကိစ္စပါ။ သူတို့က ရှေ့နေငှားဖို့၊ ဘယ်လိုပေးဖို့၊ ဘယ်လိုပေးမယ်၊ ဘယ်လိုကမ်းမယ် ဒါပဲသူတို့မှာဟိုဟာလုပ်နေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်များကလည်း ကျွန်တော်တို့ တောသူတောင်သားများ၊ ရပ်ကျေးဒေသ မဲဆန္ဒနယ် မှာလည်း ဒီကိုယ်နဲ့သက်ဆိုင်တဲ့၊ သူတို့နဲ့သက်ဆိုင်တဲ့ ဥပဒေတွေကိုလည်း ဒါနားလည်ဖို့ ကျွန်တော်တို့ အနေနဲ့ ဆက်ဆွေးနွေးဖို့ ကျွန်တော်တို့ လိုအပ်ပါတယ်လို့ ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ရဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေမှာ ကျွန်တော်တို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခန်းကဏ္ဍကိုထည့်ထားပါတယ်။ ဒါဖြင့် ဒီအခန်းကဏ္ဍမှာ ကျွန်တော် တို့က ဥက္ကဋ္ဌကို အဆိုလေးတစ်ခုပဲဖျက်ထားပါတယ်။ အဲဒီတော့ ဒီကိစ္စကိုကျွန်တော်တို့က ဘယ်လို ဆက်လက်ပြီး ဆောင်ရွက်ရမှာလဲ။ လုပ်ထုံးလုပ်နည်း၊ ဥပဒေ ကျွန်တော်တို့မှာ မရှိတဲ့အတွက် ရပ်/ကျေး ဥပဒေနဲ့သွားပြီး ကျွန်တော်တို့ သွားတိုက်ဆိုင်ပါတယ်။ ရပ်/ကျေးဥပဒေပုဒ်မ ၉(ဆ)ပါ ဤ ဥပဒေပါ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံဉာဏ်ရယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ဆိုတာလေး ထည့်ထား ပါတယ်။ အဲဒီမှာကျွန်တော်တို့က တကယ်တော့ဆုံးဖြတ်တာက ရပ်/ကျေး၊ မြို့နယ်အုပ်ချုပ်ရေးမှူးက ဆုံးဖြတ်တာ။ ကျွန်တော်တို့မှာဘေးကနေ အကြံဉာဏ်ပေးတာလောက်ပဲဆိုတော့ တကယ်တော့ အခု အချိန်ထိ ကျွန်တော်တို့ရပ်/ကျေးတွေမှာ အုပ်ချုပ်ရေးမှူးတွေ ရွေးကောက်ပွဲလုပ်လို့ မပြီးတဲ့နေရာတွေ အများကြီးကျန်ပါသေးတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့လည်း သတ်သတ်မှတ်မှတ်ကလေးပဲ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များမှလည်း ဆောင်ရွက်နိုင်ဖို့အရေးကို ကျွန်တော်တို့ အဲဒီပုဒ်မကိုလည်း ကျွန်တော့်အနေနဲ့ ပြင်စေချင်ပါတယ်။ အားလုံးပါပဲခင်ဗျား။ ကျွန်တော်တို့ ဒီနေ့ တိုင်းပြည်ရဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အားလုံးပဲ ကျွန်တော်တို့ရဲ့ တိုင်းပြည်ရဲ့အခြေအနေကတော့ ဒီနေ့ ဒီဥပဒေနဲ့ လုပ်မှကိုဖြစ်မယ့်အခြေအနေပါ။ ဒါမှ ကျွန်တော်တို့ရဲ့ စောစောက ဒေါက်တာခွန်ဝင်းသောင်းတို့၊ ဦးကြည်ဝင်းတို့လည်း ဆွေးနွေးပါပြီ။ ဘယ်လိုပဲ ငြိမ်းချမ်းရေးတွေ ရှေ့ကလုပ်လုပ် တရားဥပဒေစိုးမိုးမှုမရှိရင် ကျွန်တော်တို့နိုင်ငံ ဘယ်လိုမှမတိုးတက်နိုင်ပါဘူး။ ဘယ်လိုမှမပြောင်းလဲနိုင်ပါဘူး။ ဒါကြောင့် ဒီဥပဒေကို အကောင်အထည်ဖော်ဖို့ ကျွန်တော်တို့ ဝန်ကြီးဌာနကိုလည်း ဝန်ကြီးဌာနသဘောမျိုးနဲ့ သတ်သတ်မှတ်မှတ်ထားပြီး ယန္တရားတွေ တပ်ဆင်ပေးပါလို့ ကျွန်တော့်အနေနဲ့ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ။**　　။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့် (ခ) ဦးလှမြင့်သန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၃။**

**ဦးလှမြင့်(ခ)လှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။**　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်တဲ့ ဥပဒေကြမ်းနဲ့ပတ်သက်ပြီးတော့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပိုမိုပြည့်စုံစေဖို့ မူလဥပဒေပုဒ်မ ၆၃ ရဲ့နောက်မှာ ပုဒ်မ ၆၄ အဖြစ်လွှတ်တော်က အသစ်ဖြည့်စွက်ပြဋ္ဌာန်းပေးနိုင်ဖို့ ဆွေးနွေးတင်ပြသွားပါမယ်။ အသစ်ဖြည့်စွက် ပြဋ္ဌာန်းပေးစေလိုတဲ့ စကားရပ်များကတော့ ဤဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ ၃၊ ပုဒ်မခွဲငယ်(က)တွင် ဖော်ပြထားသော အဂတိလိုက်စားမှုတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သူ မည်သူမဆို အမှုမှန်ပေါ်ပေါက်ရေးအတွက် သက်ဆိုင်ရာတရားလွှတ်တော် တရားရုံးတော်ရှေ့မှောက်တွင် ကျမ်းသစ္စာ ကျိန်ဆို၍ အဂတိလိုက်စားမှု၌ မိမိပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့မှုများကို သက်သေအဖြစ် ထွက်ဆိုအစစ်ခံပါက ထိုသူအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူအပြစ်ဒဏ်ပေးခြင်းမှ ကင်းလွတ်ခွင့်ပြုရမည်လို့ အသစ်ဖြည့်စွက်ပြဋ္ဌာန်းပေးဖို့လိုအပ်ကြောင်း ကျိုးကြောင်းဖော်ပြ ဆွေးနွေးသွားပါမယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် တင်ပြခဲ့တဲ့အတိုင်း အသစ်ဖြည့်စွက်ပြဋ္ဌာန်းပေးဖို့ လိုအပ်တဲ့အကြောင်းအရင်းခံများကတော့ တံစိုးလက်ဆောင်ဟာ အဂတိလိုက်စားမှုကျူးလွန်ရာမှာ အဓိကအခန်းကပါဝင်ကြောင်း အားလုံးအသိ ဖြစ်ပါတယ်။ တံစိုးလက်ဆောင်ပေးရာ၌ဖြစ်စေ၊ တံစိုးလက်ဆောင်ပေးဖို့ ကြိုးစားအားထုတ်ရာ၌ဖြစ်စေ၊ တံစိုးလက်ဆောင်ကို ရယူတဲ့အခါ၌ဖြစ်စေ၊ လက်ခံရယူဖို့ကြိုးစားအားထုတ်ရာ၌ဖြစ်စေ အနည်းဆုံး နှစ်ဦးကနေ တစ်ခါတစ်ရံမှာ

နှစ်ဖက်မှာလူအများ နှစ်ဦးထက်ပိုတဲ့လူအများ ပါဝင်တတ်ကြပြီး၊ လျှို့ဝှက်စွာ၊ ကျစ်လစ်စွာကျိတ်ပြီးတော့ လုပ်ကြတာချည်းဖြစ်ပါတယ်။ တံစိုးလက်ဆောင်ပေးခြင်း၊ ယူခြင်း၊ ပေးရန်အားထုတ်ခြင်း၊ ယူရန်အားထုတ်ခြင်းတို့ ဆောင်ရွက်ကြရာမှာ ကိုယ်တိုင်သော်လည်းကောင်း၊ ကြားခံပုဂ္ဂိုလ်အမျိုးမျိုးမှ တစ်ဆင့်သော်လည်းကောင်း လျှို့လျှို့ဝှက်ဝှက် ဆောင်ရွက်ကြတာကြောင့် ခိုင်မာတဲ့သက်သေအထောက်အထား ရရှိဖို့မလွယ်ကူပါဘူး။

ဒါကြောင့် အဂတိလိုက်စားမှုများ ဖွင့်ဟဖော်ထုတ်နိုင်မယ့် အခွင့်အလမ်းတစ်ရပ်ကို ကမ်းလှမ်းပေးဖို့ သို့မဟုတ် ဖွင့်ထားပေးဖို့ လိုအပ်တယ်လို့ ယုံကြည်ထားပါတယ်။ Relevance ဖြစ်တဲ့ သက်ဆိုင်တဲ့အချက်ကို တင်ပြရမယ်ဆိုရင်တော့ ကျွန်တော်တို့နိုင်ငံရဲ့ အဂတိလိုက်စားမှုအဆင့်က Transparency International အဖွဲ့ကြီးရဲ့ ၂၀၁၇ ခုနှစ် ထုတ်ပြန်ကြေညာချက်အရ နိုင်ငံပေါင်း (၁၈၀)မှာ အဆင့်(၁၃၀)မှာရှိဆဲဖြစ်ပါတယ်။ ဒါဟာ ကမ္ဘာ့အဖွဲ့အစည်းတစ်ခုရဲ့ လေ့လာတွေ့ရှိချက်မျှသာ ဖြစ်ပါတယ်။ ပြည်တွင်းက ပကတိအခြေအနေကတော့ ပြည်သူလူထုကြားမှာ ပြည်သူတွေကြားသိ၊ မြင်သိ၊ ကိုယ်တိုင်ကြုံရလို့ ခံစားသိများနဲ့ သိနေတဲ့ကိစ္စက တိုးတိုးတိတ်တိတ် တစ်ရွာလုံးသိတာဆိုသလို သိနေတဲ့ကိစ္စက အချို့ဌာန၊ အဖွဲ့အစည်း၊ ရုံးတွေမှာ တံစိုးလက်ဆောင် ပြောင်ပြောင်တင်းတင်း တောင်းနေတဲ့ကိစ္စ။တချို့ပြည်သူတွေကလည်း တံစိုးလက်ဆောင်ပေးပြီးတော့ ခေတ်အခေါ် ဂါ တဲ့ ယဉ်ကျေးမှုဆိုတာကိုသုံးပြီး တရားဥပဒေစိုးမိုးရေးနဲ့ တရားမျှတမှုကို စိန်ခေါ်နေတဲ့ကိစ္စကြီးတွင်ကျယ်နေဆဲဖြစ်ကြောင်းပါပဲ။ မည်သည့်ဌာန၊ မည်သည့်အဖွဲ့အစည်း၊ ပုဂ္ဂိုလ်ကိုမျှ စွပ်စွဲလိုခြင်းမရှိဘဲနဲ့၊ ပုဂ္ဂလိကအမိဌာန် စွပ်စွဲလိုခြင်းမရှိဘဲနဲ့ သဘောရိုးနဲ့အရှိတရားကို၊ ပြည်သူများရဲ့အမြင်ကို ထင်ဟပ်တင်ပြခြင်းမျှသာဖြစ်ပါတယ်။ အဲဒီယဉ်ကျေးမှုကိုမှ မလိုက်နာရင် ဥပဒေကပေးထားတဲ့ အခွင့်အရေး မရရုံမျှမက ကိစ္စမအောင်မမြင်ဖြစ်တတ်သလို တချို့ကိစ္စမှာ အချိန်ဆွဲပြီးတော့ ပညာပေးခံရတဲ့ အဖြစ်နဲ့ ရင်ဆိုင်ကြရတယ်လို့ ပြည်သူများကြားမှာ ပြောစမှတ်ပြုဆဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တံစိုးလက်ဆောင်ပေးထားရသူက မကျေနပ်တဲ့အခါဖြစ်စေ၊ တံစိုးလက်ဆောင်ပေးရာမှာ ပါဝင်ကြသူထဲက တစ်ဦးဦးက အကြောင်းကြောင်းကြောင့် မကျေမလည်ဖြစ်တဲ့အခါဖြစ်စေ အဂတိလိုက်စားမှုများကို ဖော်ထုတ်ဖွင့်ဟတတ်တဲ့သဘော၊ သဘာဝရှိပါတယ်။ အဲဒီ သဘော၊ သဘာဝကို ဆုပ်ကိုင်ပြီးတော့ အခွင့်အလမ်းတစ်ခုအဖြစ် ဖွင့်ထားပေးမယ်ဆိုရင် တံစိုးလက်ဆောင်ကြောင့်ဖြစ်ရတဲ့ အဂတိလိုက်စားမှုများကို ယခုထက်ပိုပြီးတော့ အတိုင်းအတာတစ်ခုအထိ ဟန့်တားနိုင်မည့်အပြင် အတိုင်းအတာတစ်ခုအထိ လျော့ကျစေနိုင်မယ်လို့ ယုံကြည်ပါတယ်။

ဒါကြောင့် ဤဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ ၃၊ ပုဒ်မခွဲငယ် (က)တွင် ဖော်ပြထားသော အဂတိလိုက်စားမှုတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သူ မည်သူမဆို အမှုမှန်ပေါ်ပေါက်ရေးအတွက် သက်ဆိုင်ရာ တရားရုံးတော်ရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆို၍ အဂတိလိုက်စားမှု၌ မိမိ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့မှုများကို သက်သေအဖြစ် အစစ်ခံထွက်ဆိုပါက ထိုသူအား အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေအရ အပြစ်ဒဏ်ပေးခြင်းမှ ကင်းလွတ်ခွင့်ပြုရမည်ဟု အသစ် ဖြည့်စွက်ပြဋ္ဌာန်းလိုက်မယ်ဆိုရင် အညှစ်ခံရလို့ မလွှဲမရှောင်သာ မပေးချင်ဘဲ တံစိုးလက်ဆောင်၊ ငွေကြေးပေးခဲ့ရသူများအနေနဲ့ ထုတ်ဖော်ပြောဆိုဝန်ခံပြန်ရင်လည်းပဲ အပြစ်ဒဏ်ခံရမည့်ဘေးက သက်သာရုံမျှမက သူတို့ရဲ့ပူးပေါင်းဆောင်ရွက်မှု

ကိုပါ ရရှိနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တင်ပြခဲ့တဲ့ စကားရပ်များကို မူလဥပဒေပုဒ်မ ၆၃ ရဲ့ နောက်မှာ ပုဒ်မ ၆၄ အဖြစ် ဖြည့်စွက်ပြဋ္ဌာန်းပေးပါရန် လွှတ်တော်သို့ အလေးအနက် ဆွေးနွေး တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီလိုအသစ်ဖြည့်စွက်ပြဋ္ဌာန်းမယ် ဆိုရင် မူလဥပဒေအခန်း ၁၀ ရဲ့ခေါင်းစဉ်ကို ပြစ်မှု၊ ပြစ်ဒဏ်များနဲ့ ကင်းလွတ်ခွင့်လို့ ပြင်ဆင်ရန် လိုအပ်သလို မူလဥပဒေပုဒ်မ ၆၄ မှ ၇၃ အထိ ပုဒ်မများကို အမှတ်စဉ်တစ်ခုစီတိုးပြီးတော့ ပုဒ်မ ၆၅ မှ ၇၄ အထိပြင်ဆင်ရန် လိုအပ်ပါကြောင်း လေးစားစွာထပ်လောင်းတင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၉။**

**ဥက္ကဋ္ဌ။** ။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၉။**

**ဒေါ်နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုး ဖြစ်ပါတယ်။ အစိုးရသစ်ရဲ့ Good Governance Clean Government ဆိုတာနဲ့အညီ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့က ပြဋ္ဌာန်းခဲ့တဲ့ အဂတိ လိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို အခု ၂၀၁၈ ခုနှစ်မှာ စတုတ္ထအကြိမ် ပြင်ဆင်ခြင်း ဖြစ်ပါတယ်။ ဥပဒေတစ်ခုဟာ ကောင်းမွန်ပြည့်စုံဖို့လိုသလို ထိရောက်ဖို့ လိုပါတယ်။ ဥပဒေက မည်သို့ပင်ဆိုစေ ကာမူ မဟုတ်ဘဲ တိတိကျကျ လိုက်နာရပါမယ်။

ရှေးဘုရင်များ လက်ထက်ကလို မတရားမှုတွေကို အများပြည်သူတိုင်တန်းနိုင်တဲ့ စည်တော် ရှိပါတယ်။ ပြစ်မှုထင်ရှားမယ်ဆိုရင် စည်တော်အနားမှာ စဉ်းတုံးနှင့်ဓား အဆင်သင့်ရှိနေတယ်လို့ ဆိုပါတယ်။ ဒီ ဥပဒေကို စတင်ပြဋ္ဌာန်းခဲ့တဲ့ ၂၀၁၃ ခုနှစ်မှာ အဂတိလိုက်စားမှု ကမ္ဘာ့နိုင်ငံ (၁၇၆) နိုင်ငံမှာ အဆင့်(၁၇၂)အထိ ကျွန်မတို့နိုင်ငံက အကျင့်ပျက်ခြစားမှုများခဲ့ပါတယ်။ ပြီးခဲ့တဲ့ အစိုးရ လက်ထက်မှာ တိုင်ကြားမှု (၆၀၀)သာရှိခဲ့ပြီး (၃)မှုကိုပဲ စစ်ဆေးနိုင်ခဲ့တာ တွေ့ရပါတယ်။ ၂၀၁၄ ခုနှစ်မှာ ဖွဲ့စည်းခဲ့တဲ့ ပထမအကြိမ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က တိုင်ကြားစာ (၄၃၅၃)စောင်ရရှိပြီး (၄၆)စောင်သာ အရေးယူနိုင်ခဲ့ပါတယ်။ အဲဒီအတွက် ၂၀၁၆ ခုနှစ်မှာ အဂတိ လိုက်စားမှုအဆင့် (၁၃၆)အဖြစ် အနည်းငယ် လျော့ကျခဲ့ပါတယ်။

ဒါကြောင့်မို့လို့ ၂၃-၁၁-၂၀၁၇ မှာ အသစ်ဖွဲ့စည်းခဲ့တဲ့ ဒုတိယအကြိမ် အဂတိတိုက်ဖျက်ရေး ကော်မရှင်နဲ့အတူ စတုတ္ထအကြိမ် အဂတိတိုက်ဖျက်ရေးဥပဒေကြမ်း ပြင်ဆင်ချက်က အရမ်းအရေး ကြီးပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ ဂုဏ်သိက္ခာပိုင်း နှင့်တိုက်ရိုက်ပတ်သက်နေပါတယ်။ Power Point အသုံးပြုခွင့်ပေးဖို့ တောင်းခံအပ်ပါတယ်။ ဥပဒေကြမ်းရဲ့ ပြင်ဆင်ချက်အရ မူလဥပဒေရဲ့ ပုဒ်မ ၂ ပါ စကားရပ်ကို အစားထိုးထားတဲ့ စကားရပ်ကို အပြည့်အ၀ထောက်ခံပါတယ်။ ဒီစကားရပ်အရ ကျောသား

ရင်သားမခွဲခြားပဲ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် အဂတိလိုက်စားမှုကို ထိရောက်စွာ အရေးယူနိုင်မှာဖြစ်ပါတယ်။ ဆက်လက်ပြီး ဥပဒေကြမ်းကော်မတီက မူလဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)နောက်မှာ ပုဒ်မခွဲ(ဂ)အဖြစ် အဆိုပြုပြဋ္ဌာန်းချက် ၁၇(စျ)ကို ပြန်လည်ပြင်ဆင် အဓိပ္ပာယ်ဖွင့်ဆိုထားတာကိုလည်း အပြည့်အဝ ထောက်ခံပါတယ်။ အဂတိလိုက်စားမှုရှိကြောင်း ကျော်ဇောသတင်းတစ်ရပ်ရပ်ကို ကော်မရှင်က စုံစမ်းအရေးယူနိုင်တဲ့ လုပ်ပိုင်ခွင့်တစ်ရပ်ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ နှစ်ပေါင်းများစွာ အဂတိလိုက်စားမှုနဲ့ ပတ်သက်ပြီးတော့ Law and Regulation တွေ အားနည်းခဲ့လို့ ကျော်ဇောသတင်းရှိလျက်နဲ့ အရေးမယူနိုင်ဖြစ်ခဲ့ရပါတယ်။ ဥပမာအားဖြင့် ၂၀၁၃ ခုနှစ်အထိ ကုန်သွယ်ခွန်အနေနဲ့ USD (၃.၆)ဘီလီယံ ဆုံးရှုံးသွားခဲ့သလို သစ်၊ ကျောက်မျက်၊ သယံဇာတတွေ ပျောက်ကွယ်သွားခဲ့ပေမယ့်လည်း အခွန်မစီးကြပ်နိုင်ဘဲ တိုင်းပြည်ဘဏ္ဍာလစ်ဟင်းခဲ့ရပါတယ်။

ဥပဒေကြမ်းကော်မတီက မူလဥပဒေရဲ့ ပုဒ်မ ၂၁၊ ပုဒ်မခွဲ(ခ)မှာ ဖော်ပြထားတဲ့ စကားရပ်အစား ပုဒ်မ ၄၃၊ ပုဒ်မခွဲ (ခ)အရ မည်သူ့ကိုမဆို အရေးယူပေးရန် လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေနှင့်အညီ တင်ပြခြင်းနှင့်စပ်လျဉ်းသည့် သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌက စုံစမ်းစစ်ဆေးတင်ပြရန် တာဝန် ပေးအပ်ခြင်းဆိုတဲ့စကားရပ်နဲ့ မူလဥပဒေမှာရှိတဲ့ ပုဒ်မ ၄၃၊ ပုဒ်မခွဲ (ခ)မှာရှိတဲ့ စကားရပ်အစား အဓိပ္ပာယ်ရှင်းလင်းရန် ပြင်ဆင်ထားချက်တွေကို အပြည့်အဝထောက်ခံပါတယ်။ ပြင်ဆင်ချက်တွေအရ ပြည်သူ့ကိုယ်စားလှယ်တွေဖြစ်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ လွှတ်တော်ရဲ့အခန်းကဏ္ဍကို မြှင့်တင်ပေးရာရောက်သလို လွှတ်တော်အနေနဲ့ပဲဖြစ်ဖြစ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းရဲ့အနေနဲ့ အဂတိလိုက်စားမှုနဲ့ပတ်သက်တဲ့ တင်ပြချက်တွေကို ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

လွှတ်တော်မှာအတည်ပြုခဲ့တဲ့ အဆိုတွေ၊ မေးခွန်းတွေ၊ အဂတိလိုက်စားမှုနှင့်ပတ်သက်ရင် ထိထိရောက်ရောက် အရေးယူနိုင်တော့မှာဖြစ်တဲ့အတွက် ကျေနပ်အားရ ဖြစ်မိပါတယ်။ ပြင်ဆင်ချက်အနေနဲ့ မူလဥပဒေရဲ့ ပုဒ်မ ၁၆ ကော်မရှင်၏ တာဝန်နဲ့လုပ်ပိုင်ခွင့်များမှာ (က) ပဏာမစိစစ်ရေးအဖွဲ့နဲ့ စုံစမ်းစစ်ဆေးရေးအဖွဲ့များကို အမြဲတမ်းအဖွဲ့များအဖြစ် လုံလောက်စွာ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ ယင်းအဖွဲ့များအား လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းလို့ ပြင်ဆင်ချင်ပါတယ်။ အကျိုးကြောင်းပြ အနေနဲ့ လုံလောက်တဲ့ဝန်ထမ်းမရှိရင် စေ့စပ်သေချာလောက်အောင် စစ်ဆေးနိုင်မှာမဟုတ်သလို အမြဲတမ်းအဖွဲ့အနေနဲ့ အားစိုက်ဆောင်ရွက်နိုင်မှ အချိန်ကြန့်ကြာမှု နည်းသွားမှာဖြစ်ပါတယ်။ ကော်မရှင်အတွက် လုံလောက်တဲ့ လက်နက်တပ်ဆင်ပေးဖို့ လိုအပ်ပါတယ်။

ဆက်လက်ပြီးတော့ အခန်း(၅)စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်း တာဝန်များမှာ ပုဒ်မ ၂၇ ပုဒ်မခွဲ(က)မှာ “စုံစမ်းစစ်ဆေးရေး အဖွဲ့သည် စုံစမ်းစစ်ဆေးမှုကို ရက်ပေါင်း (၃၀)အတွင်း စစ်ဆေးပြီးသည့်အခါ ကော်မရှင်ဥက္ကဋ္ဌထံ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ တင်ပြရမည်”လို့ ပြင်ဆင်ချင်ပါတယ်။ ပထမ ကော်မရှင်မှာ တိုင်ကြားစာ (၄၀၀၀)ကျော် ရှိခဲ့ပေမယ့် အချိန်ကန့်သတ်ချက်မရှိတဲ့အတွက် (၄၆)စောင်သာ စစ်ဆေးနိုင်ခဲ့ပါတယ်။ အချိန်ကို တိတိကျကျ ကန့်သတ်လိုက်မယ်ဆိုရင် အလုပ်က ပြီးစီးအောင်မြင်မှာ ဖြစ်ပါတယ်။ အခန်း(၁၀) ပြစ်မှုနဲ့ ပြစ်ဒဏ်တွေ မှာ ပုဒ်မ ၅၉ ကို မူလအတိုင်းပဲ ထားချင်ပါတယ်။ အဆိုပြုပြဋ္ဌာန်းချက်ရဲ့ “(၆)လထက်မပို တဲ့ ထောင်ဒဏ်” နှင့် ဥပဒေကြမ်းကော်မတီရဲ့ “(၃)နှစ်ထက် မပိုသော ထောင်ဒဏ်” ဆိုတဲ့ စကားရပ် (၂)ခုလုံးကို ပယ်ပြီး မူလဥပဒေပါ

"(၅)နှစ်ထက် မပိုသော ထောင်ဒဏ်" စကားရပ်ကိုပဲ ထားရှိချင်ပါတယ်။ အဂတိလိုက်စားမှုတွေ နောင်ကြဉ်သွားအောင် ပြင်းထန်တဲ့ ပြစ်ဒဏ် ချမှတ်သင့်ပါတယ်။ တရုတ်နိုင်ငံဟာ စီးပွားရေးအင်အားကြီးလာတာနှင့်အမျှ များပြားလှတဲ့ အဂတိလိုက်စားမှုတွေကို ၂၀၁၂ ခုနှစ်၊ (၁၈)ကြိမ်မြောက် Congress မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး Campaign ကို စတင်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှာဆိုရင် အဆင့်မြင့်အရာရှိတွေ၊ အဆင့်မြင့်တပ်အရာရှိ တစ်ဒါဇင် အပါအဝင် စုစုပေါင်း(၁၂၀)ဦးကို အရေးယူခဲ့ပါတယ်။ အဲဒီလို ပြင်းပြင်းထန်ထန် Campaign နဲ့ အရေးယူခဲ့လို့ အဂတိလိုက်စားမှု ကမ္ဘာ့အဆင့် (၁၀၀)ကနေ (၇၉)အထိ တရုတ်နိုင်ငံက ကျဆင်းသွားခဲ့ပါတယ်။ အဂတိလိုက်စားမှု ကမ္ဘာ့အဆင့် (၁၈)ပဲရှိတဲ့ အမေရိကန်မှာဆိုရင် အကျင့်ပျက်ခြစားမှုတွေ မဖြစ်ပေါ်ရေးအတွက် ကုန်သွယ်မှုဥပဒေမှာတောင် အိမ်တွင်းအချင်းချင်း အိမ်တွင်းနှင့်အိမ်ပြင် ကြံစည်မှုတွေကို ပြင်းပြင်းထန်ထန် စံချိန်တင် ငွေဒဏ်ချမှတ်တာကို တွေ့ရပါတယ်။

၂၀၀၈ ခုနှစ်မှာဆိုရင် ဂျာမန်ကုမ္ပဏီတစ်ခုက အမေရိကန်နိုင်ငံရဲ့ ကုန်သွယ်မှု ဥပဒေအရ စံချိန်တင် ပြစ်ဒဏ် ဒေါ်လာသန်း(၈၀၀) ပေးဆောင်ခဲ့တယ်လို့ သိရှိရပါတယ်။ ဒီရုပ်ပြပုံမှာပါတဲ့ အတိုင်းပါပဲ အဂတိလိုက်စားမှု တိုက်ဖျက်တဲ့နေရာမှာ ပိရမစ်ပုံအခြေခိုင်ဖို့ လိုအပ်ပါတယ်။ ပိရမစ် ပြောင်းပြန် ဖြစ်သွားမယ်ဆိုရင် အဂတိလိုက်စားမှုက တိုက်ဖျက်လို့ မရနိုင်လောက်အောင် ကြီးမားသွားမှာကို တွေ့ရပါတယ်။ ငါးကြီးကြီး သေးသေး မိနိုင်ဖို့ဆိုတာ ပိရမစ်ပုံစံနဲ့ လုပ်ဆောင်သွားနိုင်ဖို့ လိုအပ်ပါတယ်။ အချုပ်အားဖြင့် အကျင့်ပျက်ခြစားမှုတွေကို ဝိုင်းဝန်းတိုက်ဖျက်ရေးနှင့် နိုင်ငံရဲ့ဂုဏ်သိက္ခာမြှင့်တင်နိုင်ပါစေကြောင်း တိုက်တွန်းအကြံပြုရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၈)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၁၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ်အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ ကို ၂၀၁၈ ခုနှစ်၊ မတ်လ ၁၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ၁၁း၁၇ နာရီအချိန်တွင်ရပ်နားပါသည်။]